စိတ်ကူးချိုချိုအနုပညာ

# မဟိုဒင်း ကြယ်ကလေး

ဟာသဝတ္ထုစစ်စစ်

တတိယအကြိမ်




mgyoe.com

mgyoe.com

# ပဟိုဒင်း

ဟာသဝတ္ထုစစ်စစ်



kkl0018

1500.00 Ks

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၃၊ မတ်လ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၅၀၀ ကျပ်

၈၉၇.၈၃

မဟိုအင်း
ကြပ်ကလေး - ရန်ကုန်
စိတ်ကူးချိုချိုစာပေ၊ တတိယအကြိမ်၊ ၂၀၁၃၊
စာမျက်နှာ ၁၉၀ မျက်နှာဖုံး ၁၃ စင်တီ x ၂၀.၅ စင်တီ
(၁) မဟိုအင်း

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မဟိုဒင်း

## ဟာသဝတ္ထုစုံစုံ

# ကြပ်ကလေး

တတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

"ငါ့ဆရာတော့ ကြာရင်ရူးမှာပဲ.."

အသားမည်းမည်း နှာရောင်ကောက်ကောက်နှင့် ဆံပင်မှာ ကပ္ပလီကဲ့သို့ တွန့်လိမ်ရှုပ်ထွေးလျက်ရှိသည်။ အသက်အစိတ်ခန့် ဖိုးဘသည် ကော်ဖီတစ်ခွက်ဖျော်ရင်း အထက်ပါ ဝါကျကလေးကို ညည်းလိုက်လေသည်။

သူ့ဆရာဖြစ်သော မြတ်စိုးမှာ 'နန္ဒဝဏ္ဏ' အမည်ခံ နိုင်ငံကျော် စုံထောက်ဝတ္ထုရေးဆရာကြီးဖြစ်၍ ပြုလေ့ပြုထရှိသော အကျင့်တို့မှာ တခြားသူများအဖို့ ဝှကျနေတတ်လေသည်။ ဥပမာဆိုလျှင် ဟစ်ခါက ဒၥလှူခံ တစ်ဦးကို ခြောက်လုံးပြူးနှင့် ထွက်ချိန်ရာ အလှူခံမှာ လန့်ပြေးမှ ကျေနပ်စွာပင် ခြောက်လုံးပြူးနှင့် အချိန်ခံရသော သာမန်လူတစ်ယောက်ဖြစ်ပုံကို ခရေစေ့တွင်းကျဝတ္ထုထဲတွင် ထည့်ရေးလေသည်။ တစ်ခါတစ်ရံလည်း သူတောင်းစားကိုတွေ့လျှင် 'ဤသူတောင်းစားသည် သူလျှိုဖြစ်ပြီးအံ့'ဟူသော အတွေးထား၍ နောက်မှ တကောက်ကောက်လိုက်ကြည့်ရာ လူပြတ်သောနေရာသို့ ရောက်သောအခါ သူတောင်းစားက ကိုင်လာသော တောင်ဝှေးဖြင့် သူ့ကိုရိုက်၍ လက်ပတ်နာရီနှင့် ပိုက်ဆံများ လုယူသွားဖူးလေသည်။ ဤအကျင့်များသည် သူ့အဖို့ အတော်ဝှကျသော အပြုအကျင့်များ ဖြစ်ပေ၏။

mgyoe.com

mgyoe.com


အစုနကလည်း သူ့ဆရာ ငြိမ်ချက်သားကောင်းသဖြင့် ဖိုးဘမှာ 'ကိုယ့်ကိုယ်ကိုယ်များ သတ်ကြည့်နေလေရော့သလား'ဟူသော တွေးလုံးဖြင့် သွားရောက်ချောင်းကြည့်ရာ စောင်ကြီးတစ်ထည်ခြုံ၍ မှန်ကြည့်နေသည်ကို တွေ့ရ၍ 'ငါ့ဆရာတော့ ကြာရင် ရူးမှာပဲ'ဟူသော မှတ်ချက်ဝါကျကလေးကို ချမိခြင်းဖြစ်၏။

ကော်ဖီဖျော်ပြီးသောအခါ ကော်ဖီပန်းကန်ကို ယူဆောင်၍ မြတ်စိုး၏ အခန်းနားသို့ ကပ်လာကာ ထုံးစံအတိုင်း 'ဆရာ ကျွန်တော် လာပြီ'ဟု အခန်းထဲမဝင်မီ အသံပြုလျက် အထဲဝင်သွားရာ အခန်းရောက်သောအခါ ပတ်ချာလည် လှည့်ကြည့်သော်လည်း သူ့ဆရာ၏အရိပ်အယောင်ကိုမှ မတွေ့ရသဖြင့် ကော်ဖီပန်းကန်ကြီးကိုင်ကာ အူကြောင်ကြောင် ရပ်နေမိလေ၏။

ထိုခဏ၌ ခုတင်ခြေရင်းဘက်ပေါ်တွင် ပုံနေသော စောင်ကြီးသည် တဖြည်းဖြည်းကြွတက်လာ၍ ခေါင်းမွေးစုတ်ဖွားဖွားမျက်နှာတွင် ထုံးကွက်ကျားနှင့် ခြောက်လုံးပြူးချိန်ထားသော လူတစ်ယောက်သည် ဖိုးဘနောက်နားသို့ ကပ်လာကာ အသံသြကြီးနှင့် အမိန့်ပေးလိုက်လေ၏။

"လက်မြှောက်လိုက်.."

ဖိုးဘမှာ ရုတ်တရက်ဖြစ်သဖြင့် လန့်သွားသည် မှန်သော်လည်း လက်ထဲက ကော်ဖီပန်းကန်ကြီးကို ကိုင်ထားရက်ဖြစ်နေ၍ လက်မြှောက်ရန် အရေးကို အမျိုးမျိုးတွေးကာ ကော်ဖီပန်းကန်မကိုင်ထားသော လက်ဝဲဘက်လက်ကို ပြန်ချ၍ ကော်ဖီပန်းကန်ကို လက်ပြောင်းကာ လကျာ်ဘက်ကို တစ်ဖက်ထဲ မြှောက်လိုက် လုပ်နေလေရာ ကော်ဖီပန်းကန်ထဲမှ ကော်ဖီများမှာ ဘောင်ဘင်ခတ်လာရကား တချို့တစ်ဝက်ဖိတ်စင်၍ သူ့ဂုတ်ပေါ် ကျလာမှ ကော်ဖီပန်းကန်ကို ကြမ်းပေါ်ချထားလိုက်ပြီး လက်နှစ်ဖက်စလုံးကို မြှောက်လိုက်ရလေ၏။

"ဒီဘက်လှည့်စမ်း.."

ဒုတိယမွိ အမိန့်ပေးသံကြောင့် ဖိုးဘမှာ သေနတ်နှင့် ချိန်ထားသူ မျက်နှာချင်းဆိုင် ဆိုင်လိုက်ရပေရာ မရယ်မိအောင် အတော်ချည်း အောင့်ထားရလေတော့သည်။ ခွေးချီသွားတောင် မှတ်မိသော ဒီရုပ်နှင့် ဒီအသံ

mgyoe.com

mgyoe.com


ကြောင့် ဤသူမှာ သူ့ဆရာ ကိုမြတ်စိုးဖြစ်ကြောင်း သိသော်လည်း 'သိသည်'ဟုဆိုလျှင် သူ့ဆရာ ဒေါ်ပွမည်စိုးသဖြင့် မသိချင်ယောင်ဆောင် ကာ လျှာကို ကိုက်ထားလိုက်ရပေရာ လျှာကလေးမှာ ပြူတစ်ကလေး ဖြစ်နေလေသည်။

ထိုအခါကျမှ မြတ်စိုးသည် အားရပါးရ ရယ်လိုက်လျက်....

"ဟား...ဟား...ဖိုးဘရာ မင်းက သေနတ်နဲ့ ချိန်တာများ လျှာထွက်အောင် ကြောက်ရသလားကွ၊ ဒါနဲ့များ စာရေးဆရာကြီး 'နန္ဒဝဏ္ဏ'ရဲ့ တပည့်လို့ အမည်ခံချင်သေးသလားကွာ...ငါပါကွ လူဆိုးမဟုတ်ပါဘူး... ငါ...ငါ...နန္ဒဝဏ္ဏလေ"

ဖိုးဘမှာ နဂိုကတည်းကပင် သိထားသူဖြစ်သဖြင့် ပို၍ ရယ်ချင်လာက မအောင့်နိုင်တော့ဘဲ 'ဟီး...ဟီး...ဟီး...ဟီး....'ဆွဲရယ်မိလေတော့၏။ မြတ်စိုးမှာလည်း ရောနှောရယ်လိုက်ကာ...

"အင်း... မင်း အခုမှ ရယ်နိုင်တာပေါ့နော်၊ မင်း ငါ့ကို တကယ် မမှတ်မိဘူးလား"ဟု မေးနေလေရာ ဖိုးဘမှာ မျက်နှာပိုး မသတ်နိုင်သေးဘဲ ပြုံးစိစိနှင့်ပင် ပြန်ဖြေရလေ၏။

"ဟာ...ဘယ်မှတ်မိမလဲ ဆရာရယ်၊ အခု ဆရာက ပြောတာတော့ ဟုတ်မှဟုတ်ပါ့မလား ထင်နေတယ်..."

"ငါပြောမှတော့ ယုံပါတော့ကွာ၊ ဒါထက် မင်းဝင်လာတော့ ါ့အသံကြားပြီး ငါ့ကိုတွေ့ရတဲ့အခါမှာ မင်း ဘယ်လို နေသလဲ"

ဖိုးဘမှာ ဘာများ ဖြေးရပါ့မလဲဟု အတန်ငယ် တွေတွေကလေးဖြစ်သွားပြီးမှ ပြုံးရွှင်စွာ သူ့ဆရာမျက်နှာကို ကြည့်လိုက်ပြီး...

"ဆရာ့ကိုတော့ ပြန်ပေးလုပ်ဖို့ ဖမ်းသွားကြပြီလို့ ထင်တာပေါ့။ နောက် ဆရာ့ကိုတွေ့တော့..."

"လူဆိုးဗိုလ်ကြီးလို့ မှတ်သပေါ့..."

"မမှတ်ပါဘူး ဘယ်က ကုလားသူတောင်းစားကြီး ရောက်နေသလဲ လို့ ထင်တာပေါ့..."

မြတ်စိုးမှာ ခဏမျှ ကြောင်တောင်တောင် ဖြစ်သွားပြီးမှ လေပျော့ ဖြင့်...

"အေးလေ...ဘာထင်ထင်ပေါ့ ရုပ်ဖျက်ထားရင် နဂိုမျက်နှာကို မမှတ်

mgyoe.com

mgype.com
မိ၊ ပြီးတာပေါ့ကွာ၊ နောက်ပြီး ငါ တစ်ခုမေးဦးမယ်၊ အခုလို ငါက ငါပါလို့မပြောဘဲ မင်းကိုနောက်က လှမ်းဆုတ်လို့ အမိန့်ပေးရင် မင်း ဘာလုဂ်မလဲ"

မြတ်စိုးသည် သူ့တပည့်ကို လူဆိုးတစ်ယောက်တွေ့လျှင် ခံချဝ့်သည့် သတ္တိ ရှိ၊ မရှိကို စုံစမ်းလို၍ ဤသို့မေးလိုက်ခြင်း ဖြစ်၏။ ဖိုးဘမှာ မဆိုင်းမတွ မေးပြီးသည်နှင့်တစ်ပြိုင်နက် ရုတ်ခြည်း ပြန်ဖြေလိုက်လေ သည်။

"မဆုတ်ဘူးပေါ့ ဆရာ..."

ဤသို့ ဖြေသံကြားရသောအခါ မြတ်စိုးမှာ တပည့်၏ ရဲရဲတောက် ဖြေကြားသံကို ကြားရသဖြင့် ဝမ်းသာအားတက်မိကာ လက်ဝါးကြီးနှစ် ဖက်ကို ပွတ်ရင်း သေချာအောင် စစ်ဆေးလိုက်လေ၏။

"ဘာဖြစ်လို့လဲကွ"

"နောက်တစ်လှမ်း ဆုတ်လိုက်ရင် ကြမ်းပေါ်က ကော်ဖီပန်းကန်ကို တက်နင်းမိမှာပေါ့ဆရာ"

မြတ်စိုးမှာ မျက်နှာကြီးရှုံ့မဲ့သွား၍ စောစောက ဖိုးဘ ချထားသော ကြမ်းပေါ်က ကော်ဖီပန်းကန်ကို လှမ်းကြည့်လိုက်ပြီး "သွား...သွား အိပ် ချေတော့" ဟု ဖိုးဘကို ပြန်လွှတ်လိုက်ပြီး တပည့်ကျော် သတ္တိကောင်း လာစေရန် ဘယ်လိုလုပ်ရပါ့မလဲဟု လမ်းကိုခေါက်တုံ့ခေါက်ပြန်လျှောက် ရင်း စဉ်းစားနေလေ၏။

ဖိုးဘ ကြောက်တတ်မှန်းသိရင် သူရေးသော စွန့်စားခန်းစုံထောက် ဝတ္ထုကြီးများကို ဖတ်ကြည့်ရန် ပေးထားသော်လည်း ပျင်းသည်ဟုဆိုကာ ဗယာကြော်နှင့် ဈေးတွင် သွားလဲစားပစ်ပေါင်း များလှသဖြင့် ဤနည်း ကိုလည်း လက်လျှော့ခဲ့ရပြီဖြစ်၏။ ခဏခဏ ခြောက်ပေးသော် ကြာလျှင် ယဉ်ပါးသွားမည်ဟု ကြံကာ တစ်ခါက နေဝင်ရီတရောအချိန်၌ ခြောက် လိုက်ရာ လန့်ဖျားကိုးရက်တိတိ နဝင်းကြေ ဖျားလိုက်သဖြင့် ထိုအကြံကို လည်း လက်လျှော့ခဲ့ရပေပြီ။ ဖိုးဘအတွက် အကြံရကျပ်တိုင်း ခေါင်းတ ကုတ်ကုတ်သက်ပြင်းတမှုတ်မှုတ်နှင့် ဖြစ်နေလေ၏။

"ဒေါက် ဒေါက် ဒေါက် ဒေါက်"

အချိန်မှာ ညဉ့် ၈ နာရီခွဲခန့်ရှိပြီဖြစ်၍ အချိန်မတော် တံခါးခေါက်သံ

mgype.com

mgyoe.com


ကြားရသဖြင့် မြတ်စိုးမှာ ဖွင့်ရမှာ ခပ်တွန့်တွန့်ဖြစ်သွားပြီးမှ 'အို စားပြဆို လဲ ငါ့အတွက် အတွေ့အကြုံများတာပေါ့' ဟု တွေးကာ တံခါးဖွင့်ပေး မည်ဟု စောင်ကြီးကို ခွာလျက်ကြမ်းပေါ်၌ ပုံထားလိုက်သည်တွင် သူ့မျက် နှာမှာ ထုံးကွက်များကိုဖျက်ရန် သတိရလာလေ၏။

"ဒေါက် ဒေါက် ဒေါက်"

ဒုတိယအကြိမ် တံခါးခေါက်သံ ထွက်ပေါ်လာပြန်သဖြင့် ကြာရှည် တွေးမနေဘဲ ခြောက်လုံးပြူးကို ဘလေဇာအိတ်ထဲ ထည့်လိုက်ပြီး အခန်း ပြင်သို့ ထွက်လာကာ သော့က်ရေအိုးစင်မှ ရေဖြင့်မျက်နှာကိုသစ်လိုက်ပြီး သည်တွင်မှ တံခါးကန့်လန့်ကိုဖြုတ်လိုက်လေ၏။ ဖြုတ်ပြီးသည်နှင့်တစ် ပြိုင်နက် ဘေးထရံတွင် ကပ်နေလိုက်လေရာ ကန့်လန့်ဖြုတ်သံချောင်းတံ ခါးမှ ဖွင့်ပြီးပြီဟု သိသဖြင့် အပြင်မှလူသည် အတွင်းသို့တိုးဝင်လာလေ ရာ ပွင့်လာသော တံခါးရွက်ဖြင့် မြတ်စိုးမှာ ပုန်းကွယ်ပြီး ဖြစ်သွား၏။

ဝင်လာသူမှာ အသက်နှစ်ဆယ့်တစ်နှစ်ခန့်ရှိ၍ အသားဖြူဖြူ ပိန်ပိန် ပါးပါးအရပ်လေးပေ ဆယ်လက်မခန့်ရှိသော မိန်းမပျိုလေးတစ်ယောက် ဖြစ်လေ၏။ မိန်းမပျိုမှာ ဝင်လာပြီး လေးငါးလှမ်းရောက်သည့်တိုင်အောင် တံခါးဖွင့်ပေးသောသူ၏ အရိပ်အယောင်ကိုမှ မတွေ့ရသဖြင့် အူကြောင် ကြောင်ဖြစ်ကာ ရပ်တန့်နေမိလေသည်။

ဤတွင်မှ မြတ်စိုးလည်း တံခါးကိုအသံမကြားအောင် ဖြည်းညင်းစွာ ပြန်ပိတ်လိုက်ပြီး ဘလေဇာအိတ်ထဲ လက်နှိုက်လိုက်ကာ တံခါးရွက်ကိုမှီ ရင်း ချောင်းသံပေးလိုက်ရာ မိန်းမပျိုမှာ ဆတ်ခနဲ နောက်လှည့်ကြည့် လိုက်လေ၏။ ဇာတ်လိုက်မင်းသားဟန်ပါပါ အသက် သုံးဆယ်ခန့် အသား ညိုညို လူချောလူခံ့ မြတ်စိုးကို တွေ့ရသောအခါ ခြေထောက်ကိုပြေး ဖက်၍ ရှိုက်ကြီးတငင် ငိုချလိုက်လေသည်။

မြတ်စိုးမှာ မိမိရပ်မှာ ဤမျှလောက် သနားစရာ မကောင်းဘဲ မိမိကို တွေ့တွေ့ချင်း ထိုင်ငိုယူရသည်ကို တွေ့ရသောအခါ နားမလည်နိုင်အောင် ဖြစ်သွား၍ အသံတုန်ကြီးနှင့် မေးလိုက်လေသည်။

"နေပါဦး မင်းက ဘယ်သူလဲ..."

မိန်းမပျိုမှာ မြတ်စိုးကို မော့ကြည့်လိုက်ပြီး လက်အုပ်ကလေးချီလိုက်

mgyoe.com

mgyoe.com

၍..."

"ကျွန်မကို သနားပါရှင်" ဟု အခြောက်တိုက် တောင်းပန်နေလေရာ မြတ်စိုးမှာ ကရုဏာသက်စွာဖြင့်...

"ဩော်...မင်းက မင်းက သူတောင်းစားမလေးကိုး...."

မိန်းမပျိုကလေးသည် ရုတ်တရက် မျက်နှာနီမြန်းသွား၍–

"အို...ဘယ်ကဟုတ်ရမှာလဲရှင့်၊ ကျွန်မ ဟင်းရွက်ရောင်းတယ်" ဟု လျှင်မြန်စွာ ပြန်ဖြေလေ၏။

"ညကြီးမင်းကြီးလည်း မင်း ဟင်းရွက်ရောင်းသလား"

"မဟုတ်ပါဘူး"

"နို့ မင်းကို ငါ ဘာသနားရမှာလဲကွ"

"ကျွန်မပြောပြမယ်၊ ကျွန်မဟာ ပထွေးနဲ့ နေရတယ်ရှင့်၊ ဒါနဲ့ တိုတို ပြောရမယ်ဆိုရင်..."

"နေပါဦး၊ မင်းက ဘယ်လောက် ရှည်ရှည်များ ပြောရသေးလို့လဲ"

"ဩော်...မလိုတာတွေဖယ်ပြီး လိုတာတွေပြောရင်..."

မြတ်စိုးမှာ လက်ဝါးကြီးကို ကာလိုက်ရင်း....

"တော်..တော်..ငါ သိပြီ မင်းလိုတာတွေက နှုတ်ခမ်းဆိုးဆေးတို့ ပေါင်ဒါတို့..."

မိန်းကလေးသည် မျက်စောင်းထိုးလိုက်လေသည်။

"ဘယ်ကဟုတ်ရမှာလဲ၊ ကျွန်မ အခုလိုရှင့်အိမ်ထဲ အရမ်းဝင်လာရတဲ့ အကြောင်း ပြောမလို့ ကျွန်မပထွေးက ဒီညတော့ခါတိုင်းထက်ပိုမူးလာ တယ်၊ မေမေကလည်း ကြီးဒေါ်နေမကောင်းလို့ သွားပြုစုနေတော့ တစ်အိမ် လုံး ကျွန်မတစ်ယောက်တည်း ရှိတာပေါ့"

"မင်း ငါ့မလိမ်နဲ့ အခုန မင်းပြောတဲ့ ပထွေးပါနဲ့ဆိုရင် နှစ်ယောက် ဖြစ်ရမယ်"

"အို...ဒါတော့ဟုတ်တာပေါ့၊ သူ့အပြင် ကျွန်မတစ်ယောက်တည်းဖြစ် နေတော့..."

မိန်းမပျိုသည် ရှက်သလိုလို ကြောက်သလိုလိုနှင့် စကားကိုခေတ္တရပ် ထားလိုက်ရာ မြတ်စိုးမှာ မအောင့်နိုင်ဘဲ..

mgyoe.com

mgyoe.com


"တစ်ယောက်တည်းဖြစ်နေတော့ ဘာဖြစ်သလဲ" ဟု မေးလိုက်ရာ မိန်းမပျိုသည် မဖြေချင့် ဖြေချင်နှင့်..

"သူကြံချင်တိုင်း ကြံရတာပေါ့" ဟု ပြန်ဖြေလိုက်ရာ မြတ်စိုးမှာ စုံထောက်ဝတ္ထုရေး ဆရာကြီးပီပီ အတွေးချော်သွားလေ၏။

"သူက ဘာကြံသလဲ မင်းကိုရိုက်ပြီး လက်ဝတ်လက်စားတွေ ယူမယ်ကြံသလား..."

"ဘယ်က ဟုတ်ရမှာလဲရှင့်၊ ဗလက္ကာရ လုပ်မယ်ကြံတာပေါ့၊ ဒါနဲ့ ကျွန်မ ထွက်ပြေးလာတယ်။ သူ နောက်ကလိုက်လာတယ်၊ ဒီကျတော့ ရှင့်အိမ်တွေ့တာနဲ့ အတင်းတက်လာတာပဲ၊ အဲဒါ ကျွန်မကိုသနားရင် သူ့လက်ပြန်မအပ်ပါနဲ့"

"မင်းက ဘယ်ကလဲ အင်းစိန်မြို့ထဲကလား"

"မဟုတ်ပါဘူး ဒီဇော်ဘွားကြီးကုန်းကပါပဲ၊ ပြေးလာတုန်းက ရမ်းပြေးလာတာ၊ ဒီဘက်ကျတော့ လူပြတ်တာနဲ့ လန့်သွားတယ်။ ကံကောင်းတော့ ဒီ ရှင့်အိမ်တစ်အိမ်ထဲ လာတွေ့ရတော့ ဝမ်းသာသွားမိတာပေါ့.."

"အဲဒါဝကျတာပေါ့..."

"ဝမ်းသာတာ ဝကျသလားရှင့်"

"မဟုတ်ပါဘူး ဒီမှာမင်းနေလို့ ဟန်ကျပါ့မလား ငါ့မှာ မိန်းမမရှိ ဘူး"

"ကိစ္စမရှိပါဘူး ရှင့်ပုံပန်း မြင်ကတည်းက သစ္စာသမာဓိရှိမှန်း အကဲခတ်မိပါတယ်၊ ရှင်ဟာ ဒုက္ခရောက်လာတဲ့သူအပေါ် မရက်စက်တန်ပါဘူးလို့ ကျွန်မ ထင်တယ်"

"အေး...ငါလည်း ဒီလိုထင်တာပဲ"

မိန်းမပျိုမှာ မြတ်စိုး၏အဖြေကြောင့် အူကြောင်ကြောင်ဖြစ်သွား၍ မျက်လုံးပြူးသွားကာ...

"နေပါဦး ရှင့်ကိုယ်ရှင် မသေချာဘူးလား"

"ငါ ဒီလို ဒုက္ခရောက်လာတာတွေမှ မတွေ့ဘူးသေးဘဲ၊ ဘယ့်နှယ်သေချာမလဲ၊ ဒါပေမဲ့ မင်းဘာမှ မကြောက်နဲ့ ငါ မိန်းမတွေကို အရောဝင်တဲ့ကောင် မဟုတ်ဘူး။ မင်းတောင်မှ ဒုက္ခရောက်လာလို့ လက်ခံထား

mgyoe.com

mgyoe.com


တာ။ မင်းမှာ.တခြားသွားစရာ အိမ်မရှိဘူးလား"

မိန်းမပျိုမှာ မျက်နှာကလေး ညှိုးငယ်သွား၍ တွေတွေကလေးဖြစ်သွားရှာလေ၏။

"ရွာထဲမှာ ရှိတော့ရှိတာပေါ့၊ ဒါပေမဲ့ ကျွန်မအမျိုးတွေက ပထွေး ကို ကြောက်ကြတော့ ဘယ်လိုနည်းနဲ့မဆို ကျွန်မ တစ်နေ့ကျရင် သူ့လက် ထဲ ရောက်ရမှာပါပဲ၊ ရှင်ကတော့ ကျွန်မကို စောင့်ရှောက်နိုင်မှာပဲ မဟုတ်ဘူးလား"

မြတ်စိုးသည် မိန်းမ၏စကားအဆုံးတွင် ခြောက်လုံးပြူးကို ထုတ် လိုက်ရာ မိန်းမပျိုမှာ လန့်ဖျပ်သွား၍ ကုန်းကုန်းကွကွဖြစ်သွားကာ "ဒါ ဘာလုပ်တာလဲ" ဟု မေးလိုက်လေ၏။

"ခြောက်လုံးပြူးရှိ ~ယ်လေ မင်း ပထွေး လာနှောင့်ယှက်ရင် ပစ် သတ်မယ်"

မြတ်စိုး၏စကားကို ကြားမှ မိန်းမပျိုမှာ အသက်ရှူချောင်သွားသည့် ပြင် အားကိုးဟန်နှင့် မြတ်စိုးကို မျက်လုံးဝိုင်းကြီးများဖြင့် စိုက်ကြည့်မိ တော့သည်။

လူပျိုကြီး မြတ်စိုးမှာ မိန်းကလေးတစ်ယောက်၏စိုက်ကြည့်ခြင်းဒဏ် ကို မခံနိုင်ရှာသဖြင့် ကမန်းကတန်း စကားလွှောက်ပြောရလေ၏။

"မင်းက ဟိုအခန်းမှာအိပ်..."

"ဟင်...ဒါဖြင့် ရှင်ကကော..."

"ငါ့ဟာငါ ဘယ်အိပ်အိပ် မင်း ငါ့အိမ်မှာနေရင် စကားမများရဘူး"

မိန်းမပျိုသည် ပြုံးစစနှင့် 'ကောင်းပါပြီ' ဟုဆို၍ မြတ်စိုး၏ အခန်း ထဲသို့ ဝင်သွားလေရာ စောစောက ဖိုးဘ ကြမ်းပေါ်၌ချထားခဲ့သော ကော် ဖီပန်းကန်ပေါ် ခြေရောက်သွားသဖြင့် ချော်သွားကာ ခြေနှစ်ချောင်း မိုး ထောင်သွား၍ ကြမ်းပေါ်သို့ ဘုန်းခနဲကျသွားလေ၏။

လူချော်ကျသံကြောင့် မြတ်စိုးမှာလည်း အခန်းတွင်းသို့ ပြေးဝင်လာ ရာ ကြမ်းပြင်ပေါ်၌ ပက်လက်လန်နေသော မိန်းမပျိုနှင့် လွင့်စဉ်ကွဲရှ သော ပန်းကန်စ၊ ပန်းကန်နတို့ကို တွေ့ရလေ၏။

"မင့်မှာ မျက်စိမပါဘူးလား"

mgyoe.com

mgyoe.com


မိန်းမပျိုသည် ကြမ်းပြင်ပေါ်မှ ထလိုက်ကာ ဆောင့်ကြီး အောင့်ကြီး နှင့် ပြန်ဖြေလေသည်။

"မျက်စိတော့ပါတာပေါ့ ခြေထောက်မှာ ဘယ်က မျက်စိရှိမှာလဲ"

"ရှိတယ်...ခြေမျက်စိရှိတယ်"

"ခြေမျက်စိက မြင်ရသလားရှင့်"

"မြင်တာ မမြင်တာ ပြောတာမဟုတ်ဘူး၊ မျက်စိပါတာပြောတာ"

"ဘာစိတ်ကူးနဲ့ ကြမ်းပေါ် ကော်ဖီပန်းကန် ချထားရတာလဲ"

"ငါသောက်ဖို့ကွ"

မိန်းမပျိုမှာ အရူးတစ်ယောက် တွေ့ရသကဲ့သို့ မျက်လုံးပြူးကလေး နှင့် ကြည့်ရင်း...

"နေပါဦး..ရှင်က ကော်ဖီသောက်တာ ကြမ်းပေါ်မှာချသောက်ရသ လား"

မြတ်စိုးမှာ စောစောက အဖြစ်အပျက်တွေ ရှင်းပြနေလျှင် ကြာနေမည် စိုးသဖြင့် ပြီးစလွယ်ပင် ဖြေလိုက်လေသည်။

"အေး...ငါ ဒီလိုပဲသောက်တယ်"

ပန်းကန်ကွဲများကို သိမ်းဆည်းပြီး အခန်းတံခါးပိတ်ကာ စားပွဲပေါ်မှ ဝါဆိုဖယောင်းတိုင်ကြီးကို မှုတ်လိုက်၍ အိပ်ရာပေါ်တွင် လှဲအိပ်လိုက်ရာ ငယ်ရွယ်သူလည်းဖြစ် တစ်နေ့လုံး ဟင်းရွက်ရောင်းရသည်မှာလည်း ပင် ပန်းလှသဖြင့် တစ်ခဏခြင်းပင် အိပ်ပျော်သွားလေတော့သည်။

မြတ်စိုးမှာမူကား အခန်းပြင်တွင် ပက်လက်ကုလားထိုင်ပေါ်၌ လုံချည် ခြုံကာ အိပ်နေလေ၏။ သူတို့အိမ်မှာ ခြေတံရှည်တစ်ထပ်အိမ်ကလေးဖြစ် ၍ အမြင့်မှာ နှစ်ထပ်အိမ်တို့လောက် ရှိသော်လည်း အခန်းများများမရှိပေ။ အိမ်ရှေ့ဘက်တွင် တစ်ခန်း နောက်ဖေးမီးဖိုဘက်တွင် ရေချိုးခန်းတစ်ခန်း နှင့် ဖိုးဘအိပ်သော အခန်းတစ်ခန်းသာ ရှိလေသည်။ ထို့ကြောင့် မြတ်စိုး မှာ မိန်းမပျိုကို နေရာချထားရေးကိစ္စကို စဉ်းစားနေရာ ညဉ့်နှစ်နာရီလောက် မှ အိပ်ပျော်သွားရှာလေတော့သည်။

နံနက်လေးနာရီခွဲခန့်ရှိသောအခါတွင် မိန်းမပျိုမှာ အိပ်ရာမှနိုးလာ၍ ပထွေးရန်မှ ကင်းဝေးသဖြင့် အေးချမ်းစွာ အိပ်ရသော ညတစ်ညအတွက်

mgyoe.com

mgyoe.com

အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်မိကာ အိမ်ကြီးရှင်သူတော်ကောင်းကြီး ကျန်းမာ ချမ်းသာစေရန် လက်အုပ်ချီဆုတောင်းမိရှာလေသည်။

ထို့နောက် ညကပြောသော စကားအရ အိမ်ရှင်တွင် မိန်းမ မရှိသဖြင့် မိမိကပင် နံနက်ခင်းသောက်ရန် ကော်ဖီဖျော်ပေးသင့်သည်ဟု တွေး၍ ရေနွေးအိုးတည်ရန် နောက်ဖေးဘက်သို့ အမှောင်ထဲတွင်စမ်းကာ ထွက်လာခဲ့လေ၏။

ထိုအချိန်တွင် ဖိုးဘမှာ အိပ်ရာမှနိုးပြီဖြစ်၍ ရေနွေးအိုးတည်ထားကာ နောက်ဖေးသွားနေသဖြင့် မိန်းမပျိုရောက်လာသောအခါ မီးခွက်ထွန်းထားသည်ကို တွေ့ရသဖြင့် မီးခွက်ကို တစ်ညလုံးထွန်းထားသည်ဟု အယူရှိကာ မီးဖိုဘက်ကို ဂရုမပြုမိဘဲ ရေချိုးခန်းထဲသို့တန်းဝင်ကာ စဥ့်အိုးထဲမှ ရေခပ်၍ မျက်နှာသစ်နေလေ၏။

အိမ်သာမှာ အိမ်အောက်တွင်ရှိသဖြင့် ဖိုးဘမှာ အိမ်ပေါ်မှ ရေသံကြားရသောအခါ သူ့ဆရာ ယနေ့မနိုးစဘူး စောစောစီးစီးနိုးသည်ဟု အံ့သြ၍ အိမ်ပေါ်သို့ တက်လာခဲ့လေရာ ဖိုးဘ အိမ်နောက်ဖေး ဘေးပေါက်မှအဝင် မိန်းမပျိုက မျက်နှာသစ်ပြီး၍ အထွက်နှင့် မီးခွက်ရောင်၌ တွေ့ကြလေတော့သည်။

မိန်းမပျိုမှာ ဤအိမ်တွင် အခြားအရုပ်ဆိုးဆိုးလူတစ်ယောက်ရှိသည်ဟုလည်း ညကမသိရသဖြင့် ဖိုးဘကို မြင်သောအခါ သူခိုးဟု ထင်မှတ်သဖြင့် ခဏမျှ ကြောင်တောင်တောင် ကြည့်မိပြီး ရေချိုးခန်းထဲ ပြန်ဝင်ပြေးကာ ရေချိုးခန်းတံခါးကို ပိတ်ထားလေ၏။

ဖိုးဘမှာလည်း ဤအိမ်တွင် ရောက်လာကတည်းက ဤအချိန်မျိုး၌ မိန်းမကို တစ်ခါမျှ မတွေ့ဘူးသဖြင့် လူစင်စစ်တော့ မဟုတ်တန်ရာ၊ ဥစ္စာစောင့်သော်လည်းကောင်း ဖြစ်ရမည်ဟု တွေး၍ ကြောက်တတ်သူဖြစ်သည့်အလျောက် မျက်လုံးပြူးလျက် သူ့ဆရာ သွားနှိုးမည်ဟု အိမ်ရှေ့ခန်းထဲသို့ ပြေးဝင်သွားလေ၏။

သို့သော် ခုတင်ပေါ်၌ မြတ်စိုးကိုလှုပ်နှိုးရန် စမ်းသောအခါ စောင်သာစမ်းမိ၍ လူကို မစမ်းမိရကား သူ့ဆရာကို ဥစ္စာစောင့်မ ဖမ်းစားပြီဟု တွေးကာ အကြောက်ကြီး ကြောက်လာ၍ ထိုခုတင်ပေါ်တွင်ပင် စောင်

mgyoe.com

mgyoe.com



ကြီးခေါင်းမြီးခြုံ၍ ငြိမ်နေလေ၏။ သူ အသံပြုလိုက်လျှင် ဥစ္စာစောင့်မ ကြားသွား၍ သူ့ဆီ တန်းလာမည်ဟု မတွေးကြောက်မိသောကြောင့်လည်း မည်သို့ပင် ကြောက်ကြောက်မေးရိုက်သံပင် မထွက်အောင် ဂရုစိုက်နေ လေသည်။

မိန်းမပျိုလည်း ဘာသံမှ နောက်ထပ်မကြားသဖြင့် အသာတံခါးဖွင့် လိုက်လာရာ တစ်စုံတစ်ယောက်ကိုမှ မတွေ့ရတော့သဖြင့် သူခိုး ပြန်ဆင်း ပြေးပြီဟု ထင်မိသော်လည်း တစ်ယောက်တည်း နောက်ဖေးတွင် မနေရဲ တော့၍ မြတ်စိုး နိုးကာမှ ရေနွေးအိုး ထ,တည်မည်။ ယခုမူ အိပ်ရာထဲ တွင် သွားကွေးနေမည်ဟု ကြံလျက် အိပ်ခန်းထဲသို့ ခပ်သုတ်သုတ် ဝင် လာလေ၏။ ဤအချိန်တွင် ဖိုးဘမှာ မနေ့က စားထားသော မုန့်ဟင်းခါး အရှိန်ကြောင့် ဝမ်းတစ်ခါထပ်သွားချင်လာလေရာ နောက်ဖေးလည်းမထွက် ရဲသဖြင့် ဝေဒနာကို အောင့်အည်းခံနေရစဉ် မိန်းမပျိုမှာ ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရာ ပက်လက်ကလေး အိပ်နေသော ဖိုးဘ ဗိုက်ပေါ်သို့ အားရပါးရကြီး ကျလာသဖြင့် ဖိုးဘခမျာ "အင့်..."ဟူသော အသံကို ပြုသည်နှင့်အမျှ တခြားတစ်နေရာမှလည်း "ဗျစ်...ဗျစ်...ဗျစ်... ဗျစ်..."ဟူသော အသံနှင့်အတူ နောက်ဖေးနံ့သည်လည်း ထောင်းခနဲ ထလာလေတော့၏။

မိန်းမပျိုသည် ဤတွင်မှ သူခိုးမှာ မိမိအိမ်ခန်းထဲ၌ လာရောက်ပုန်း အောင်းနေကြောင်း တွေးမိ၍ လန့်သွားပြန်ကာ အခန်းပြင်ပြေးထွက်၍ အခန်းတံခါးကို ပိတ်လိုက်ကာ အပြင်မှနေ၍ သော့ခတ်သည့်မျောက်လက် တွင် မြတ်စိုးကိုနှိုးရန် ဟိုဟိုသည်သည်ကြည့်လိုက်လေ၏။ နောက်ဖေး ဘက်မှ မီးခွက်အရောင်ကြောင့် ပက်လက်ကုလားထိုင်တွင် အိပ်နေသော မြတ်စိုး၏ခြေထောက်ပိုင်းကို မြင်ရသဖြင့် ယောကျ်ားပျိုတစ်ယောက်ကို အနားသွားကိုင်လှုပ်နှိုးသင့်၊ မနှိုးသင့် စဉ်းစားနေလေ၏။

အခန်းတွင်းမှ ဖိုးဘသည်လည်း ချေးနံ့တလှလှ ရလာတော့မှ နာနာ ဘာဝများသည် သေး–ချေးများကို ကြောက်တတ်ကြောင်း အမှတ်ရလာ သဖြင့် ခုတင်ခြေရင်းဘက်ရှိ သူ့ဆရာ၏ဘောင်းဘီတိုကို ကောက်ဝတ် ကာ ချေးပေနေသော လုံချည်ဖြင့် ဥစ္စာစောင့်မကို အလစ်တွင်သုတ်ရန်

mgyoe.com

mgyoe.com


အခန်းထဲမှပြေးထွက်လိုက်ရာ ပိတ်ထားသောတံခါးရွက်ကို အရှိန်နှင့် ဆောင့်တိုးမိလေ၏။

ဒိုင်းခနဲ မြည်သံကြောင့် တွေဝေနေသော အပြင်မှ မိန်းမပျိုသည်လည်း ဘာမှတွေးမနေတော့ဘဲ မြတ်စိုးထံသို့ ပြေးကပ်သွားကာ ခြေထောက်ကို ဆွဲလှုပ်ရင်း...

"ဒီမှာရှင့်...ဒီမှာ...ထစမ်းပါဦး...သူခိုး...သူခိုး..."ဟု နှိုးလိုက်ရာ မြတ်စိုးမှာလည်း အိပ်မှုန်စုံမွှားနှင့် "သူခိုး"ဟူသော အသံကိုကြား၍...

"ဘယ်မှာလဲ...သူခိုး ဘယ်မလဲ..."ဟု အလန့်တကြား မေးလိုက်လေ၍...

မိန်းမပျိုသည် အိပ်ခန်းကို လက်ညှိုးနှင့်ထိုးပြပြီး....

"ဟောဟိုအခန်းထဲမှာ ရှိတယ်.."ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် မြတ်စိုးသည် နောက်ထပ် တစ်စုံတစ်ရာ စကားတစ်ခွန်းကိုမျှ စောင့်ဆိုင်းမနေဘဲ အခန်းထဲသို့ အတင်း စွတ်ပြေးဝင်လိုက်လေရာ တံခါးရွက်ကြီးကို တိုက်မိပြန်၍ ဒိုင်းခနဲမြည်သံနှင့်အတူ ကြမ်းပြင်ပေါ် ဖင်ထိုင်ရက်ကျသွားလေ၏။

ဤတွင်မှ မိန်းမပျိုသည် သတိရလာဟန်နှင့် ကပျာကယာချည်ထားသော လက်ကိုင်ပဝါကိုဖြေ၍ တံခါးရွက်ကိုဖွင့်လိုက်ရာ အထဲမှ ဖိုးဘမှာ ဝုးခနဲ အပြင်သို့ ရုတ်တရက် ထွက်လာသဖြင့် လန့်သွားကာ နောက်သို့ ရို့၍ ထရံတွင် ကပ်နေမိလေ၏။

ဖိုးဘမှာလည်း အပြင်သို့ ရောက်သောအခါ ကြမ်းပေါ်တွင် ဖင်ထိုင်ရက်ဖြစ်ရင်း မူးဝေဝေဖြစ်နေသော မြတ်စိုးကို ရိပ်ရိပ်တွေ့ရလေလျှင် ဥစ္စာစောင့်မဟူသော အမှတ်ဖြင့် ချေးပေနေသော လုံကွင်းဖြင့်စွပ်ကာ ဆွဲလှဲလေ၏။ မြတ်စိုးမှာ သူခိုးက သူ့ကို ကြိုးကွင်းဖြင့် စွပ်ဖမ်းသည်ဟု ဝတ္ထုဆန်စွာ တွေးတောမိပြီး ဖိုးဘခြေထောက်နှစ်ချောင်းကို ဆွဲချလိုက်လေရာ ကြမ်းပေါ်တွင် သူတို့ဆရာတပည့်နှစ်ယောက်တို့မှာ သူတစ်ပြန် ငါတစ်ပြန် လိမ့်နေကြလေ၏။

အတန်ကြာသောအခါ မြတ်စိုးသည် ဖိုးဘ၏ရင်ဝကို ဒူးနှင့်ထောက်ရင်း လက်နှစ်ဖက်ကို ကိုင်ချုပ်ထားလိုက်ပြီး အကူအညီရစေရန် တပည့်တော်ကို အော်ခေါ်လေ၏။

mgyoe.com

mgyoe.com


"ဖိုးဘရေ...ဖိုးဘ"

"ဗျာ...ဗျာ"

မြတ်စိုးမှာ ခေါင်းကို နောက်ဖေးဘက်သို့လှည့်ရင်း အော်ခေါ်လိုက်စဉ် ပြန်ထူးသံမှာ သူ့ရင်ဘတ်အောက်မှ ထွက်ပေါ်လာသဖြင့် အံ့အားသင့်သွားကာ...

"ဟော့...ဖိုးဘ"

"ဗျာ..."

"ဒါ...မင်းလား"

"ဒါထက် မင်း အိမ်သာထဲ လိမ့်ကျလာသလား...နံလိုက်တာ"

"မဟုတ်ဘူးဆရာ...ဥစ္စာစောင့်မ ဖမ်းမလို့"

"အောင်မယ်လေးကွာ...ဒီလောက် စောစောစီးစီး သိုက်တူးဦးမလို့လား"

"တူးစရာမလိုဘူး ဆရာ...အိပ်ပေါ်ရောက်နေတယ်"

"သိုက်ကြီးလေ...ဟုတ်လား၊ ဘယ်တုံးက ရောက်နေလဲ ဒီသိုက်က..."

"သိုက်မဟုတ်ဘူး...ဥစ္စာစောင့်မ,ပါ၊ ကျွန်တော် ပြောပြမယ် ကျွန်တော့်ကို လွှတ်စမ်းပါဦး ဆရာ"

မြတ်စိုးလည်း ဖိုးဘ တောင်းပန်တော့မှ သတိရလာကာ ဆုပ်ထားသောလက်များကို လွှတ်ပေးလိုက်ပြီး မတ်တတ်ရပ်လိုက်လေ၏။ ဖိုးဘမှာလည်း ကြမ်းပေါ်မှ ကုန်းထလိုက်စဉ် ထရုံနားကပ်နေသော မိန်းမပျို့မှာ သူခိုးမဟုတ်မှန်း သိသဖြင့် ရှေ့သို့တိုးလာလေ၏။ ဖိုးဘ မတ်တတ်ရပ်၍ ခေါင်းမော့လိုက်သည်နှင့်တစ်ပြိုင်နက် မျက်စိရှေ့တွင် ဥစ္စာစောင့်မကို တွေ့လိုက်ရသဖြင့် ကပျာကသီ ကြမ်းပေါ်မှ လုံကွင်းကြီး ကောက်ယူလိုက်ကာ ငေးကြောင်ကြောင်နှင့် သူ့အပြုအမူကို ငြိမ်သက်စွာ ကြည့်နေသော မိန်းမပျိုကို ဘာမပြောညာမပြောနှင့် ရုတ်တရက် စွပ်ချလိုက်၏။

မိန်းမပျို့မှာ ရေမွှေးရှုလေ့မရှိသော်လည်း ချေးစော်ကိုမူ မနှစ်သက်ရကား "အို..." ဟုဆိုကာ ရှန်းကန်နေလေရာ မြတ်စိုးမှာ ဖိုးဘ၏ အပြုအမူကို နားမလည်နိုင်သော်လည်း ကြည့်မနေနိုင်တော့ဘဲ..."

"ဟော့ကောင် ဘာလုပ်တာလဲ"

mgyoe.com

mgyoe.com


"ဥစ္စာစောင့်မလေ...ဒါပေါ့ ဥစ္စာစောင့်မ"

ဟု ဖိုးဘက ပြန်ဖြေမှ မြတ်စိုးတွင် နားလည်လာကာ....

"ဘယ်က ဥစ္စာစောင့်ရမှာလဲ...ညကရောက်တဲ့ ကောင်မကလေးကွ"ဟု ပြောလိုက်ရာ ဖိုးဘမှာ အားနာပါနာဖြစ်သွားပြီး လုံကွင်းကြီးကို ကမန်းကတန်း ပြန်ဖြုတ်လိုက်ရလေ၏။ မိန်းမပျိုမှာ သိုက်ဆရာကြီး ဖိုးဘ၏ ချေးမန်းကွင်း အမွှေးအကြိုင်ဒဏ်ကို မခုခံနိုင်ရှာရကား နောက်ဖေးဘက် ပြေး၍ မျက်နှာသစ်ပစ်လိုက်ရှာရသေး၏။

မိန်းမပျိုမရှိတော့ ဖိုးဘသည် မြတ်စိုးနားကပ်လျက် လေသံသာသာ ဖြင့်...

"ကျွန်တော်က သိမှမသိဘဲကိုး ဆရာရဲ့...ဒါထက် သူက ဘာလုပ်တာလဲ"

"အော်...ကွာ သူက ပထွေးနဲ့ နေရတယ်ဆိုပဲ၊ ပထွေးက ခွေးကျင့်ခွေးကြံ ကြံတာကိုးကွ"

"ဘယ်လိုတုံးဆရာ...ဓာတ်မီးတိုင်တွေကို သေးနဲ့ ပန်းတတ်သလား"

"ဘယ်က ဟုတ်ရမှာလဲကွ...အတင်းကြံတာပေါ့"

"ဘာကြံတာလဲ ဆရာ"

"မင်းကလည်း နန္ဒဝဏ္ဏတပည့်လုပ်ပြီး အ,ရသလား"

"ဩော်...သိပြီ အဆိပ်ခပ်သတ်တာပေါ့"

"မဟုတ်ပါဘူး...တောင်ညာစံဒေဝီ မြှောက်မလို့ပေါ့"

ဤတွင်မှ 'အတင်းကြံ'၏အဓိပ္ပာယ်ကို သဘောပေါက်သော ဖိုးဘမှာ အားရပါးရ ရယ်လိုက်မိပြီး....

"ဆရာတပည့်က ဒါတွေ ဘာနားလည်မလဲ ဆရာရဲ့။ ဆရာ့ဝတ္ထုထဲမှာ ခြင်ထောင်သံမှ မပါဘဲ၊ ဆိုပါဦး ဘယ်သူ့ပထွေးက မီးခွက်မှုတ်တော့ ဘာဖြစ်သလဲ"

"မီးခွက်မှုတ်ရင်တော့ မှောင်သွားမှာပေါ့၊ ဒါပေမဲ့ မီးခွက်မှုတ်သလား၊ မမှုတ်လားတော့ မသိဘူး၊ သူ ထွက်ပြေးလာတာပေါ့ကွ၊ တော်တော်ဒုက္ခရောက်လာရှာပါတယ်ကွ"

"ပွတာပေါ့...ဆရာ"

mgyoe.com

mgyoe.com


"ဟကောင်ရ...ဒုက္ခရောက်လာတာ ပွရသလား"

"ဆရာ့အတွက် ပြောတာပါ"

ဖိုးဘသည် ပြောပြောဆိုဆိုနှင့် ရယ်သွမ်းသွေးလိုက်ရာ မြတ်စိုးမှာ ရှုံ့မဲ့လိုက်ပြီး မကျေနပ်သံကြီးနှင့်...

"တော်စမ်းပါကွာ...ငါ မိန်းမတွေကို ဂရုမစိုက်ဘူးဆိုတာ မင်းသိတယ် မှတ်လား"

"သိပါတယ်ဆရာ ... ဒါပေမဲ့ ဟင်းကောင်းကောင်းစားရမှာ ပြောတာ ပါ ဆရာရယ်"

"ကဲရှင့်...အိမ်ကြီးရှင်တို့ မွေးလွန်းလို့ ဒါလောက်ကြာကြာရှုနေရတာ ဇ ၁း၊ အဝတ်လဲပြီး မျက်နှာတွေဘာတွေ သစ်ကြဦးလေ..."

မိန်းမပျို၏ အသံကြားမှ မြတ်စိုးတို့နှစ်ယောက်လည်း အသက်ဝင် လာသလို ဖြစ်လာကြကာ မြတ်စိုးက နောက်ဖေးခန်းထွက်သွားစဉ် ဖိုးဘမှာ လည်း သူ့ချေးမန်းကွင်းလုံချည်ကို ကောက်ယူပြီး မြတ်စိုးနောက်လိုက်သွား ပြီး မိန်းမပျိုနားသို့ ရောက်သောအခါ မိန်းမပျိုကို ပြုံးပြုံးကြီး ကြည့် သွားလေရာ မိန်းမပျိုမှာလည်း စောစောကအဖြစ်ကြောင့် ညီညာသော သွားကလေးများပေါ်အောင် တုံ့ပြန်ရယ်ပြလိုက်လေ၏။

## အခန်း – ၂

မြတ်စိုး၏ အစီအစဉ်အရ နောက်ဖေးရှိ ဖိုးဘအခန်းကို မိန်းမပျိုအား အပိုင်စားစေ၍ ဖိုးဘမှာမူ အိမ်ရှေ့ဘက်တွင် ကြမ်းပေါ်၌ အိပ်ရန်အရေး ဖြစ်လာလေသည်။ ထို့ကြောင့် မြတ်စိုးမှာ သူ့အခန်း သူပြန်ရပြီးဖြစ်သဖြင့် ထိုအခန်းထဲတွင်ပင် ဝတ္ထုရေးနေ၏။ မိန်းမပျိုနှင့် ဖိုးဘတို့နှစ်ယောက်မှာ နောက်ဖေးဘက်တွင် မိုးဖိုချောင်ဆိုင်ရာကိစ္စများကို ပြုလုပ်လျက် ရှိကြ လေသည်။

"ဒါထက် ရှင့်ဆရာက ဘာလုပ်သလဲ"

"ဝတ္ထုရေးတယ်လေ...စာရေးဆရာကြီး နန္ဒဝဏ္ဏဆိုတာ မကြားဖူးဘူး လား"

mgyoe.com

mgyoe.com

"မကြားဖူးဘူး၊ ဘာဝတ္ထုရေးသလဲ"

"စုံထောက်ဝတ္ထုလေ"

"ကျွန်မက စုံထောက်ဝတ္ထုမှ မကြိုက်တာဘဲ၊ ရယ်စရာလောက်သာ ဖတ်တာရှင့်၊ ကြပ်ကလေးတို့တော့ ကြားဖူးသားပဲ"

"အေး...နန္ဒဝဏ္ဏကို မကြားဘူးပေမဲ့ အခုအတူတူ လာနေရပြီမဟုတ်လား။ အဲဒီတော့ သတိထားနေပေရော့၊ သူက ဝွကျတယ်၊ သူ့ဝတ္ထုထဲက လူဆိုးလူကြမ်းတွေ မိန်းမရှုပ်၊ မိန်းမပွေတွေရဲ့ နာမည်နဲ့တူနေတဲ့ အပြင်လူတွေ့ရင် ရိုက်ချင်လောက်အောင် မုန်းတတ်တယ်"

ဖိုးဘ၏စကားကြောင့် မိန်းမပျိုမှာ "ငါ့နာမည်သာ ဒီမိန်းမတွေနဲ့တူနေရင် ဒုက္ခပဲ၊ အိမ်ပေါ်က ရိုက်ချမယ်ထင်တယ်"ဟု တွေးမိကာ စိုးရိမ်သည့် အရိပ်အယောင်များ သန်းလာလေတော့၏။

"အဲဒီမိန်းမတွေနာမည်ကို ရှင် ကျွန်မကို မပြောပြနိုင်ဘူးလား"

"မပြောပြနိုင်ဘူး"

"အင်းလေ...သူက မပြောပြရဘူးလို့ ပညတ်ထားရင်လဲ နေပါစေလေ"

"ပညတ်ထားလို့ မဟုတ်ပါဘူး။ ကျွန်တော် သူ့ဝတ္ထုတွေ ဘယ်တော့မှ မဖတ်လို့ မသိလို့ မပြောနိုင်တာပါ"

"အို...ဒါနဲ့များ ကျွန်မကို သူ့ဝတ္ထုတွေဘာတွေ ဖတ်ဖူးသလားလို့ မေးရသလားရှင့်"

ဖိုးဘမှာ အတန်ကြာအောင် ငိုင်ပြီး စဉ်းစားနေမိလေ၏။ ထို့နောက်မှ အကြံတစ်ခုရလာဟန်ဖြင့် မိန်းမပျိုကို ရွှင်လန်းစွာ မော်ကြည့်လိုက် ကာ....

"သူ့အမေးကို စောင့်ပေါ့၊ သူက မင်းနာမည် ဘာလဲလို့မေးရင် ရှင်ကြိုက်သလို မှည့်ပါလို့ ပြန်ဖြေ၊ မှတ်ထားနော်၊ ဒီတော့ သုံ့ပေးတဲ့နာမည် သူ အပြစ်မရှာနိုင်ဘူးပေါ့"

မိန်းမပျိုမှာ ထိုအကြံကို သဘောကျသွားဟန်နှင့် ပါးချိုင့်ကလေးများပေါ်အောင် ပြုံးလိုက်ရင်း "အောင်မယ် ကိုဖိုးဘကပေမဲ့ အတော်သားပဲ၊ ကိုဖိုးဘလို့ မမှည့်ဘဲ ကိုဖိုးတော်လို့ မှည့်ဖို့ကောင်းတယ်"ဟု ချီးကျူး လိုက်ရာ ဖိုးဘမှာ ထမင်းအိုးကို မီးဖိုပေါ်တင်လိုက်ပြီး ကြက်သီးထဟန် ပြုလျက် "မလုပ်ပါနဲ့ဗျာ...သာထူးလို ဖြစ်နေပါဦးမယ်"ဟု ပြောကာ တံမြက် စည်း

mgyoe.com

mgyoe.com


ဆွဲလှည်းနေလေ၏။

မီးဖိုရှေ့တွင် ရေနွေးအိုး ထိုင်ကြည့်နေသော မိန်းမပျိုမှာ ဖိုးဘ၏စကား ကြောင့် ဖိုးဘဘက် ဆတ်ခနဲလှည့်ကြည့်လိုက်ပြီး "သာထူးက ဘာဖြစ် လို့လဲ ကိုဖိုးဘရဲ့"ဟု မေးလိုက်မှ အမေးကို စောင့်နေသော ဖိုးဘက "သာထူးဆိုတာက ဘုန်းကြီးကျောင်းသားလေ၊ ဒီကောင်က ဘာလုပ်လုပ် သိပ်ကြာတာပဲ၊ နေးနေးကွေးကွေးနဲ့ အလုပ်လုပ်ရင်ကြာလွန်းလို့ ကျုပ်တို့ ဘုန်းကြီးက သူ့ကို ဖိုးကြာလို့ မှည့်လိုက်တာ၊ ကျုပ်တို့တစ်တွေက ဖိုးကြာ ဖိုးကြာလို့ ခေါ်ကြတာနဲ့ သူ့ခမျာ မိန်းမ မရရှာဘူးဗျ"ဟု 'ဖိုးကြာဒေသနာ အမြိုက်ဆေး' တိုက်ကျွေးလိုက်ရာ မိန်းမပျိုမှာ ရေသီးသကဲ့သို့ ခွက်ထိုး ခွက်လှန် ရယ်ရင်း...

"ဟုတ်သားပဲနော်၊ ကိုဖိုးဘလည်း တော်တော်ကြာ ကျွန်မကြောင့် မိန်းမ, မရမှာ စိုးရတယ်။ ဒါထက် ရှင်တို့ ဆရာတပည့်နှစ်ယောက် ဒီဝတ္ထုရေး ပြီး စားနေကြသလား၊ ဒီအိမ်ကော ဝတ္ထုရေးခနဲ့ ဝယ်တာလား"ဟု သီလို သမျှကို မေးလိုက်လေ၏။

"ဒီအိမ်ကို ဆရာက ဝယ်ချင်တယ်ဆိုတော့ မော်လမြိုင်က သူ့အဒေါ် က ဝယ်ပေးတယ်လေ၊ ဒါပေမဲ့ ဆရာ့ကို အပိုင်မပေးသေးဘူး။ မိန်းမယူ မှ အပိုင်ပေးမယ်တဲ့၊ ဒီတော့ အပိုင်မရသေးခင် အိမ်ကိုဘာမှမလုပ်ရဘူးတဲ့၊ ကြမ်းတစ်ချောင်းကျိုးတာတောင်မှ သူ့ကိုခေါ်ရမယ်ဆိုပဲ၊ အဲဒါ ကိုယ့်သဘော နဲ့ကိုယ် အိမ်ကို ဖျက်ဆီးမယ် ပြုပြင်မယ်ဆိုရင် အိမ်ပေါ်က နှင်ချမယ်တဲ့"

"မတော်တဆ ကျိုးရင်ကော...."

"အခုနက ပြောသလိုပေါ့။ သူ့ကိုခေါ်လို့ သူကိုယ်တိုင်ရောက်တော့ မတော်တဆလား တမင်လားဆိုတာကို သူကိုယ်တိုင်စုံစမ်းမယ်တဲ့"

"ဒီအဒေါ်ကြီးက တော်တော်ချမ်းသာသလား"

"ဟာ...သူ့ငွေးကတော်ကြီးပေါ့။ သူ့ယောကျ်ားဆုံးသွားပြီး ပစ္စည်းတွေ အကုန် သူ့လက်ထဲမှာ ကျန်ရစ်ခဲ့တာပေါ့။ သားထောက်မြေးခံကလည်းမရှိ တော့ ဆရာသာ ကောင်းကောင်း နေမယ်ဆိုရင် ဒီအမွေတွေ ဆရာ ရမှာ ပဲ"

"အခုတော့ ရှင်တို့ဆရာက ကောင်းကောင်း မနေဘူးလား၊ အရက်

mgyoe.com

mgyone.com

တွေသောက် မိန်းမ…"

"မဟုတ်ပါဘူး၊ ကောင်းကောင်းနေတယ်ဆိုတာ သူ့သဘောကျနေရမယ် ပြောတာ"

"သူက ဘယ်လိုနေမှ သဘောကျမတဲ့လဲ"

"သူ့သဘောကျတာက မိန်းမတစ်ယောက်ယူပြီး နေရမှာပေါ့၊ ဒါမှ သူရတဲ့ဝတ္ထုရေးခတွေကို ထိန်းသိမ်းနိုင်မယ့်သူ ရှိမယ်၊ အခုတော့ ဒီနေ့ ဝတ္ထုရေးခရရင် ဒီနေ့သုံး၊ နက်ဖြန်တော့ ဗိုက်မှောက်အိပ် ဆိုတာမျိုး ဖြစ်နေတာကိုး"

အချိန်မှာ နံနက် ၆ နာရီခွဲခန့်ရှိလာပြီဖြစ်သဖြင့် ဖိုးဘမှာ ဈေးခြင်းတောင်းကိုဆွဲကာ မိန်းမပျိုနှင့်တိုင်ပင်ပြီး နှစ်မိုင်ခန့် ဝေးသော အင်းစိန်ဈေးသို့ ဆိုင်ကယ်နှင့် ဈေးဝယ်သွားလေ၏။

အခန်းထဲက မြတ်စိုးမှာ ဖိုးဘဈေးသွားလျှင် မိန်းမပျို တစ်ယောက်တည်းသာ အိမ်တွင် ကျန်ရစ်ခဲ့တော့မည်ဖြစ်၍ မိန်းမပျိုမှာ သူ့စည်းကမ်းကို မသိသဖြင့် အခန်းထဲသို့ အသံမပြုဘဲ ဝင်၍မရအောင် အပေါက်ဝ၌ ကြမ်းပေါ်မှာ တစ်တောင်ခန့် အမြင့်တွင် ကြေးနန်းကြိုးခိုင်ခိုင်ခံ့ခံ့ကို ချည်တန်းထားလေ၏။

မိန်းမပျိုမှာလည်း ရေနွေးအိုးဆူသောအခါ ကော်ဖီကို နှပ်ထားပြီးမှ နံနက်ချိန်တွင် မြတ်စိုး ကော်ဖီသောက်မသောက်ကို မသိသေးသဖြင့် မြတ်စိုးကိုမေးရန် အခန်းတွင်းသို့ ဝင်လိုက်ရာ အောက်ခြေက တန်းထားသော ကြေးနန်းကြိုးနှင့် ခြေထောက်ငြိသွားသဖြင့် ကြမ်းပေါ်သို့ ဘုန်းခနဲလေး ဖက်ထောက်ကြီး ကျသွားလေ၏။

ကလေးမဟုတ် သူငယ်မဟုတ် ဤကဲ့သို့ အခန်းဝတွင် ကြေးနန်းကြိုးတန်းထားခြင်းအတွက် စိတ်ထဲက ဒေါသကလေးဖြစ်သွားပြီးမှ အော် …သူ့ကိစ္စတစ်ခုခုကြောင့် ဤကဲ့သို့များ တန်းထားသလားမှ မသိဘဲဟူသော သက်ညှာသည့်အတွေးကလေးဖြင့် စိတ်ကိုဖြေလိုက်ပြီး လေးဖက်ထောက်ကြီးဖြစ်နေရာမှ ကုန်းထလိုက်သောအခါ စားပွဲကိုနောက်ပြန်မှီလျက် လက်ပိုက်ကာ သူ့ကိုပြုံးစိစိကြီးကြည့်နေသော မြတ်စိုးကိုတွေ့ရသဖြင့် စောစောက ဝမ်းထဲတွင်ဖြစ်ခဲ့သော ဒေါသကလေးနှင့် ရှက်သည့်စိတ်တို့ လုံးထွေး

mgyone.com

mgyoe.com



ဖြစ်ပေါ်လာ၏။

"ကျွန်မလဲတာ ရယ်စရာလားရှင်"

"ငါရယ်တာက မင်းလဲလို့ ရယ်တာလို့ စွပ်စွဲနိုင်လောက်တဲ့ အကြောင်း ပြချက်ရှိသလား"

"ကျွန်မတော့ ဒီလိုပဲထင်တာပဲ"

"မဟုတ်ဘူး...ငါရယ်ချင်တာ ငါ့တွေးထင်ချက်တိုင်း ဖြစ်လာလို့"

"ဒါဖြင့် ရှင် ကြိုးကို တမင်ချည်ထားတာပေါ့"

"အင်းလေ...."

မိန်းမပျိုမှာ ဆတ်ခနဲဖြစ်သွားလျက် အသံတစာစာဖြင့် ခပ်ကျယ်ကျယ်ပြန်ပြောလိုက်လေ၏။

"ဘာ....ကျွန်မလဲအောင် တမင်ချည်ထားတယ် ဟုတ်လား"

"အင်းလေ..."

ဘယ်လိုလူစားမျိုးနှင့် လာတွေ့နေရပါလိမ့်ဟူသော အတွေးမျိုးဖြင့် မိန်းမပျိုမှာ မြတ်စိုးကို စိုက်ကြည့်နေရာမှ မျက်ရည်ကလေးများဝိုင်းလာကာ...

"ကျွန်မ လဲတာကြည့်ပြီး ရှင် စိတ်ပျော်တယ်ပေါ့လေ... ကောင်းပါတယ်"

"ငါရယ်ချင်လို့ လုပ်တာမဟုတ်ဘူး၊ ငါ့အခန်းထဲကို ငါ မသိဘဲဝင်မှာစိုးလို့၊ ကဲ...ရှင်းပလား အခုဘာလုပ်တာလဲ"

"ရှင် မနက်ကို ကော်ဖီသောက်သလား"

"မနက်ရော နေ့ခင်းရော ညရော ငါ ကော်ဖီသောက်တယ်"

"ဒါဖြင့် အခုဖျော်ပြီး ယူခဲ့မယ်"

"ဒါပေမဲ့ တစ်ခုသတိထား၊ ငါ့အခန်းထဲ ဝင်ခါနီးမှာ ဝင်တော့မယ်ဆိုတဲ့ အသံပြုပြီးမှ ဝင်ရမယ်ကြားလား"

"ကောင်းပါပြီရှင်"

မိန်းမပျိုမှာ ချာခနဲလှည့်၍ ပြန်ထွက်လိုက်ရာ ကြေးနန်းကြိုးနှင့် တစ်ဖန်ငြိပြန်၍ လဲတော့မလိုလိုဖြစ်သွားပြီးမှ တံခါးပေါင်ကိုကိုင်ပြီး ကျော်သွားရလေ၏။ ကော်ဖီဖျော်နေရင်း မြတ်စိုး၏ ဝှကျလှသော အပြုအမူ

mgyoe.com

mgyoe.com


များကို တွေးရင်း ရင်လေးသလိုလိုဖြစ်ရင်းက ရယ်ချင်လာပြန်သဖြင့်လည်း တစ်ယောက်တည်း ပြုံးမိလေသည်။ မြတ်စိုးတွင် ဤသို့ဝွကျသော အကျင့်မှအပ အားလုံးကောင်းမွန်၍ သနားကြင်နာခြင်း ထောက်ထားစာနာခြင်းများရှိသည်ကိုလည်း သူ အကဲခတ်မိပြီဖြစ်၏။

ကော်ဖီ ဖျော်ပြီးသောအခါ မိန်းမပျို့မှာ ကော်ဖီပန်းကန်လေးကိုကိုင်၍ မြတ်စိုးအခန်းနားသို့ တစ်လှမ်းချင်း ကပ်လာပြီးလျှင် အခန်းဝသို့ရောက်သောအခါတွင် အတွင်းဘက်သို့မှန်း၍ "ကျွန်မဝင်ပါတော့မယ်ရှင်..." ဟု ငေါ့သလိုလို အတည်လိုလို ပြုံးစိစိနှင့်ပြောရင်း စောစောက ကြေးနန်းကြိုးရှိမရှိကိုလည်း ဂရုထားကာအခန်းတွင်းသို့ ဝင်သွားလေ၏။ အခန်းတွင်းသို့ရောက်သောအခါတွင်ကား မြတ်စိုးကို ဘယ်မှာမှ မတွေ့ရသဖြင့် ဂရုစိုက်ပြီး သေသေချာချာ လိုက်လံကြည့်ရှုနေရာ ခုတင်ခြေရင်းဘက်ရှိ စောင်ပုံကြီးမှာ စိတ်ကျေနပ်ဖွယ်မရှိရကာ ကော်ဖီပန်းကန်ကို လျှင်မြန်စွာ စားပွဲပေါ်တင်ထားခဲ့၍ ခုတင်နားသို့ ပြေးကပ်သွားရာ စောင်ကြီးကို ဖယ်ခွာလိုက်ရကား ထုံးကွင်းများနှင့် ခေါင်းစုတ်ဖွားကြီးနေသော မြတ်စိုးမှာ ဆဒ္ဒန်ဆင်မင်း ပျဉ်ချပ်ဆွဲခွာလိုက်သောအခါ၌ ဘွားခနဲ ပေါ်လာရသော လုဒ္ဒကမုဆိုးကဲ့သို့ ကုန်းကွကွကြီးဖြစ်နေလေ၏။

မိန်းမပျို့မှာ မြတ်စိုးကို သေသေချာချာစိုက်ကြည့်လျက်...

"ဒီလူတော့ ရူးနေပါပြီ" ဟု တွေးမိပြီး မရဲတရဲနှင့် နဖူးကို လက်ကလေးနှင့်စမ်းရင်း...

"ရှင် နေမကောင်းဘူးလားဟင်..."

ဟု မေးလိုက်စဉ် မြတ်စိုးသည် ဖျတ်ခနဲ သူ့လက်ကို ပုတ်ချလိုက်ကာ ခုတင်ပေါ်၌ ဝုန်းခနဲ မတ်တတ်ရပ်လိုက်လေရာ မိန်းမပျို့မှာ လန့်၍ အခန်းဝသို့ ထွက်ပြေးလေ၏။

"မပြေးနဲ့ ရပ်လိုက်..."

မြတ်စိုး၏ အမိန့်သံကြီးကြောင့် အခန်းဝအပြင်သို့ ခြေတစ်ဖက်လှမ်းနေသော မိန်းမပျို့မှာ အထဲသို့ပြန်ဆုတ်လိုက်ပြီး လှည့်ကြည့်လိုက်ရာ ခုတင်ပေါ်တွင် မတ်တတ်ကြီးရပ်ရင်း သူ့ကိုသေနတ်နှင့် ချိန်နေသည်ကို တွေ့ရ၏။

mgyoe.com

mgyoe.com


"လက်မြှောက်လိုက်..."

မိန်းမပျိုမှာ ယခုအချိန်အထိ မြတ်စိုး၏အပြုအမူကို နားမလည်သေးသော်လည်း မတော် စိတ်ရှုးပေါက်ပေါက်နှင့် ပစ်လိုက်လျှင် ခက်ချေတော့မည်ဟုကြံ၍ လက်ကိုရုပ်ရှင်ထဲကလို ပုံကျကျမမြှောက်တတ်ရှာဘဲ သစ်ကိုင်းလွတ်ကျသော မျောက်ကဲ့သို့ မြှောက်လိုက်လေသည်။

"ဟား...ဟား...ဟား...ဟား..."

မြတ်စိုး၏ရယ်သံကြောင့် တစ်ခါ လန့်သွားပြန်ရာ နောက်သို့နည်းနည်းရို့မိလေ၏။ ထိုအချိန်အထိ မြတ်စိုးမှာ ရယ်တုန်းဖြစ်နေရာ ဖိုးဘမှာ ဈေးကပြန်ရောက်လာပြီဖြစ်၍ မိန်းမပျိုလည်း ပျောက် အခန်းထဲမှ လည်း မြတ်စိုး အရမ်းရယ်နေသဖြင့် မိန်းမပျိုသည် မြတ်စိုးကိုများ ကလိထိုးနေသလားဟု တွေးမိပြီး အခန်းယဲကို ခုန်ပေါက်ပြေးဝင်လာလေ၏။ ဖိုးဘ အထဲရောက်သည်နှင့်တစ်ပြိုင်နက် မိန်းမပျိုအား မေးသော မေးခွန်းတစ်ခုသည် မြတ်စိုးပါးစပ်မှ ကျွတ်လွတ်ထွက်ပေါ်လာလေ၏။

"ဟား...ဟား...သိပ်ကြောက်သွားသလား"

မိန်းမပျိုမှာ ဖိုးဘဝင်လာသည်ကို ဂရုမစိုက်သဖြင့် ၎င်းမေးခွန်းမှာ သူ့ကိုမေးသော မေးခွန်းဖြစ်သည်ဟု သိရှိနားလည်သွားသော်လည်း ရုတ်တရက် ရောက်လာသော ဖိုးဘကမူ သူ့ကိုမေးသည်ဟု ထင်မိကာ မဆိုင်းမတွ ပြန်လည်ဖြေဆိုလိုက်သည်တွင် မိန်းမပျို၏အဖြေနှင့် တစ်ပြိုင်နက်ဖြစ်သွားလေတော့သည်။

"ကျွန်မ မကြောက်ပါဘူး"

"ဟာ...သိပ်ကြောက်သွားတာပေါ့ဆရာ"

မြတ်စိုးမှာ ကိုယ့်ကိစ္စမဟုတ်ဘဲ ဝင်ရောက်စွက်ဖက်ခြင်းကို များစွာမနှစ်မြို့သူတစ်ယောက်ဖြစ်သဖြင့် ဘာမဆိုင်ညာမဆိုင်ဝင်ရောက်ဖြေဆိုသော ဖိုးဘကို ဒေါသထွက်မိကာ မျက်နှာကြီးများနီမြန်းလာ၍ "မင်းကို ပြောနေတာမဟုတ်ဘူး" ဟု ဒေါလိုက်မာန်ပါ ခပ်ငေါ့ငေါ့ကလေး ကြိမ်းမောင်းလိုက်ရာ ဖိုးဘမှာ မျက်နှာသေကလေးဖြစ်သွားရှာသည်နှင့်အမျှ မိန်းမပျို၏ မျက်နှာမှာ ခံရခက်သောမျက်နှာထားသို့ ပြောင်းလဲလာပြီး...

"ကျွန်မကို မပြောလို့ ဘယ်သူ့ပြောနေတာလဲ"

mgyoe.com

mgyoe.com

"မသိလို့ပါ ဆရာရယ်" ဟူသော စကားနှစ်ရပ်မှာ တစ်ပြိုင်နက်တည်း တစ်ဖန်ထွက်ပေါ်လာလျက် မိန်းမပျိုမှာ မြတ်စိုးမျက်နှာကိုမကြည့်ချင် သလိုဟန်နှင့်လည်းကောင်း ဖိုးဘကြောက်ရွံ့သောဟန်နှင့်လည်းကောင်း အသီးသီးမျက်နှာများအောက်သို့စိုက်ထားကြလေ၏။

"သွား...သွား...ထွက်သွား"

သူ့တပည့်ဖိုးဘကို စိုက်ကြည့်ရင်း မြတ်စိုး အော်လိုက်သည်မှန်သော်လည်း နှစ်ယောက်စလုံးမှာ သူ့ကိုပြောသည် မှတ်သဖြင့် လှည့်ထွက်သွားရန် ဟန်ပြင်လိုက်ကြရာ မြတ်စိုးမှာ ရုတ်တရက်မိန်းမပျို၏လက်မောင်းကို ဆုပ်ကိုင်လိုက်မိပြီး...

"ဖိုးဘ မင်းထွက်သွား...မဟိုဒင်းဒီမှာနေခဲ့" ဟု ပြောလိုက်ပြီးသော် မိန်းကလေးဟူ၍ ယင်မမှ သန်းခြင်းမရှိသော စုံထောက်စာရေးဆရာကြီးမှာ နူးညံ့သော ဖဿအတွေ့ကြောင့် တဒင်္ဂဟန်မျှတွေဝေသွားကာ ပြောလိုသော စကားများမေ့၍ ငေးကြောင်ကြောင်ကြီးဖြစ်နေလေ၏။ မိန်းမပျိုမှာလည်း ခဏမျှ မလှုပ်မယှက်ငြိမ်သက်နေမိပြီးနောက် သတိရလာသလိုဖြင့် သူ့လက်ကို ပြန်ရုန်းလိုက်ကာမှ မြတ်စိုးမှာ လွတ်လိုက်မိပြီး ပြတင်းပေါက်သို့သွား၍ သံတိုင်များကို ဆုပ်ကိုင်ကာ အပြင်ဘက်လမ်းမကြီးကို ငေးကြည့်နေလေတော့သည်။

မိန်းမပျိုမှာလည်း ရင်ကလေး ဖျတ်ဖျတ်ခုန်သွားကာ မြတ်စိုးကို စကားမပြောဝံ့တော့သဖြင့် စားပွဲပေါ်မှ ကော်ဖီပန်းကန်ကို ယူလိုက်ပြီး မြတ်စိုး၏ ညကပြောခဲ့သော စကားအရ ကြမ်းပေါ်တွင် ချထားလိုက်လေ၏။

မြတ်စိုးမှာ ဤတွင်မှ ပြောစရာစကားကို သတိရလာသဖြင့် မိန်းမပျိုဆီလှည့်၍ ခြေလှမ်းလိုက်ရာ ကြမ်းပေါ်မှ ကော်ဖီပန်းကန်ကို တက်နင်းမိသဖြင့် ဝုန်းခနဲ ဖင်ထိုင်လျက် ကျလေ၏။

ထို့နောက်မှ ရှုံ့မဲ့ထလာပြီး မိန်းမပျိုကို စိုက်ကြည့်ကာ "ဘာလို့ ကော်ဖီပန်းကန်ကို ကြမ်းပေါ်ချထားရသလဲ" ဟု ကြိမ်းလိုက်ရာ မိန်းမပျိုမှာ မြတ်စိုးကိုမရဲတရဲကြည့်ရင်း "နို့ ညက ကြမ်းပေါ်မှာ ကော်ဖီသောက်တတ်တယ်ဆို" ဟု ပြန်ပြောလိုက်မှ မြတ်စိုးတွင် ညကဖြစ်စဉ်ကို သတိရ

mgyoe.com

mgyoe.com



လာကာ ပြုံးလိုက်ပြီး...

"အေး...ဒါပေမဲ့ နောက်ကို စားပွဲပေါ်မှာ သောက်တော့မယ် နောက်ထပ် သွားဖျော်ချေဦး" ဟု အမိန့်ပေးလိုက်ရာ မိန်းမပျိုမှာ အပြင်ထွက်မည်ပြုလိုက်စဉ် မြတ်စိုးသည် သူပြောရန်စကားများ ကျန်နေသေးသဖြင့်...

"အော်...မဟိုဒင်း ခဏနေပါဦး"

"ဟုတ်ကဲ့ ဘာပြောစရာ ရှိသေးသလဲ"

"ဟို...အခုနတုန်းက တော်တော်ကြောက်သွားသလား"

"ဘယ်တုံးကလဲ ကော်ဖီပန်းကန်နင်းပြီး ချော်လဲတုန်းကလား၊ မကြောက်ပါဘူး ဝင်္ဂလည်တာလို့ ယူဆတာပဲ ညက..."

"မဟုတ်ပါဘူး မင်းကို ငါ ခြောက်တုန်းကလေ..."

"မကြောက်ပါဘူး"

"ငါမှန်းသိသလား"

"သိတာပေါ့"

"ဟင်...ဒါနဲ့များ မသိဘူးတဲ့"

"ကျွန်မ ဘယ်တုံးက ပြောလို့လဲ"

"မင်းပြောတာ မဟုတ်ပါဘူး ဖိုးဘပြောတာပါ"

မိန်းမပျိုသည် ပြုံး၍လှည့်ထွက်သွားရာ အခန်းပြင်အရောက်တွင်၊ အခန်းတွင်းမှ သူ့ကိုခေါ်သံကြားရသဖြင့် ရပ်တန့်နားစွင့်လိုက်ရပြန်သည်။

"ဒီမှာ..မဟိုဒင်း..."

"ရှင်..."

"ဖိုးဘကို လွှတ်လိုက်စမ်းပါ"

မိန်းမပျိုလည်း "ဟုတ်ကဲ့" ဟု ပြန်ဖြေပြီး နောက်ဖေးဘက်သို့ ထွက်လာရာ ဖိုးဘက ဆီး၍ "ခင်ဗျား နာမည်ရပြီလား" ဟု မေးရာ မိန်းမပျိုက ပြုံးလျက် "ရပြီလေ" ဟု ပြန်ဖြေလိုက်လေ၏။

"ဘာတဲ့တုံး"

"မဟိုဒင်း"

"ဗျာ..."

"မဟိုဒင်းတဲ့"

mgyoe.com

mgyoe.com


ဖိုးဘမှာ အားရပါးရအောင် အော်လိုက်ပြီး "ဖြစ်မှ ဖြစ်ရလေဗျာ မဟိုဒင်းတဲ့...ဟား...ဟား...မဟိုဒင်းတဲ့..ဟဲ...ဟဲ...မဟိုဒင်း...ဟီး...ဟီး.. မဟိုဒင်း..ဟိုး...ဟိုး...မဟိုဒင်း...ဟက်...ဟက်...မဟိုဒင်း..."

"ရယ်နေ ရယ်နေ တစ်ယောက်တည်း ရယ်နေ ရှင့်ဆရာက အခုလာခဲ့တဲ့"

ဖိုးဘမှာ ရုတ်တရက် မျက်နှာပိုးသတ်သွား၍ "ဗျာ...ဆရာကိုမြတ်စိုးက အခုလာခဲ့တဲ့လား ဘာလုပ်မလို့လဲ"

"မသိနိုင်တော့ဘူးလား ရှင့်ဆရာ ရှင် သွားမေးချေ၊ ကျွန်မကော်ဖီဖျော်ရဦးမယ်"

"မဟိုဒင်းက စောစောကဖျော်တဲ့ ကော်ဖီကော..."

"စကားရှည်မနေစမ်းပါနဲ့ သွားမှာသာ သွားပါ၊ တော်တော်ကြာ ဟိုက ဒေါပွနေလိမ့်မယ်ရှင့် ရှင့်ဆရာက ယုံရတာမဟုတ်ဘူး"

"ကျုပ်ဆရာက မယုံရအောင် ယုန်ထောင်တဲ့ မုဆိုးမှ မဟုတ်ဘဲ"

မဟိုဒင်းသည် စိတ်မရှည်ဟန်နှင့် ကော်ဖီစစ်နှင့် ဖိုးဘကို ရိုက်မည့်ဟန်ပြုလိုက်ကာ "ရှုပ်မနေနဲ့နော် သွား...မြန်မြန်သွား" ဟု ပြုံးစနဲ့နဲ့ကလေး ပြောလိုက်မှ ဖိုးဘလည်း ကော်ဖီစစ်နှင့် အရိုက်ခံရမည်ကို ကြောက်သလိုလို လက်ကလေးနှင့် ကာလိုက်ရင်း အိမ်ရှေ့ဘက်သို့ ခပ်ပြေးပြေးကလေး ထွက်သွားလေ၏။

အခန်းထဲသို့ရောက်သောအခါ စားပွဲကိုမှီ၍ လက်ပိုက်ကာ မှုန်ကုပ်ကုပ်နှင့် ဝင်လာသောသူ့ကိုစိုက်ကြည့်နေသည့် မြတ်စိုးကိုတွေ့ရမှ ကိုယ်ရှိန်ကို အနည်းငယ်သတ်မိပြီး တထိတ်ထိတ်အမူအရာဖြင့် မျက်လုံးကလေး ပေကလတ်ပေကလတ်လုပ်လျက် ကျားရှေ့၌ ခစားရသော ယုန်သူငယ်ကဲ့သို့ မြတ်စိုးရှေ့တွင် ရပ်နေမိရှာလေသည်။

အတန်ကြာအောင် စိုက်ကြည့်မြဲကြည့်နေပြီးမှ မြတ်စိုးသည် ခက်ထန်သောလေသံဖြင့်...

"မင်း ငါ့ကို ဘာညာတာလဲ"

"ဘာမှမညာပါဘူး ဆရာ"

"ဟောကြည့် အခုလည်း လိမ်နေပြန်ပြီ"

mgyoe.com

mgyoe.com



"ကျွန်တော့် ဆံပင်လားဆရာ၊ ဒါက အခုမှမဟုတ်ဘူး၊ မွေးကတည်းက လိမ်တာပါဆရာ"

"မင်းဘိုးအေ"

"ဦးစံညွှန့်ပါဆရာ"

"မင်းကို ငါ မင်းဘိုးအေနာမည် မေးနေတာမဟုတ်ဘူး"

"မဟုတ်ပေမဲ့ ဆရာ စကားပြောလွယ်အောင် ထောက်ပေးတာပါ"

"ငါစကားပြောနေရင် ဝင်ဝင်မပြောပါနဲ့လို့ ငါဘယ်နှစ်ခါပြောရမလဲ"

"ကျွန်တော့်သဘောအရဆိုရင် ဆရာ မသေမချင်း ပြောစေချင်တာ ပဲ"

မြတ်စိုးမှာ ဒေါပွလာသဖြင့် ရှေ့သို့ ပြူန်းခနဲ တစ်လှမ်းတိုးလိုက်ရာ ဖိုးဘမှာ လန့်၍ နောက်သို့ နှစ်လှမ်းဆုတ်သွားမိကာ ဒေါသကြောင့် မျက်လုံးပြူးနေသော သူ့ဆရာကိုကြည့်လျက်...

"သတိထားပါဆရာ သတိထားပါ" ဟု ပြောလိုက်ရာ မြတ်စိုးမှာ ပိုမိုဒေါထလာပြီး" ဟော့ကောင် မင်းငါ့ကို ဆပ်ကပ်ထဲမှာ ပေငါးဆယ်လောက်အမြင့်က ကြိုးတန်းပေါ်မှာ ဆိုင်ကယ်စီးနေတဲ့ကောင်မှတ်လို့ သတိပေးနေရတာလားကွ၊ ငါ မင်းကိုမေးမယ်"

"ဖြေပါ့မယ် ဆရာ"

"ဖြေမှပေါ့"

"ဟုတ်ကဲ့"

"မင်းက ငါ့ကို မမှတ်မိဘူးဆို"

"ကျားသားမိုးကြိုး ဆရာ တစ်သက်လုံး အတူတူနေလာတာ မမှတ်မိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား"

"နို့ မင်းဘာလို့ မမှတ်မိဘူး ပြောသလဲ"

"မပြောရပါလား ဆရာရယ်"

"မနေ့ကလေ မင်း မပြောဘူးလား၊ မမှတ်မိလို့ ကုလားသူတောင်းစားနဲ့တောင် တူတယ်လေး ဘာလေးနဲ့ ခွေးသား"

"ဘယ်သူက ကုလားသူတောင်းစားနဲ့ တူဝဘာလဲဆရာ၊ ခွေးသားကလား"

"ဟဲ့ကောင် ခွေးသားဆိုတာ မင်းကို ငါဆဲတာကွ...ငါမနေ့က ရုပ်

mgyoe.com

mgoe.com

ဖျက်တော့ မင်းက မမှတ်မိဘူးဆို..."

ဖိုးဘမှာ အတန်ကြာ စဉ်းစားမိပြီးမှ ညက ဖြစ်ပျက်ပုံကို သတိရလာကာ ပြုံးလိုက်ပြီး...

"အော်...မနေ့ညဦးက ပြောတာလားဆရာ"

"အေး..."

"ဟုတ်တယ်လေ"

"ဘာဟုတ်တာလဲကွ"

"မမှတ်မိဘူး"

"ဒါဖြင့် ဘာလို့မှတ်မိတယ် ပြောလဲ"

"အော်...ဒါက ရုပ်ဖျက်ထားရင် မှတ်မိတယ်ပြောပါ၊ ရုပ်ဖျက်ထားရင်တော့..."

"မင့်ပြောတာ မဟုတ်ပါဘူး"

ဖိုးဘမှာ မြတ်စိုး၏စကားကြောင့် အံ့ဩသွား၍ မြတ်စိုးမျက်နှာကို မော်ကြည့်လိုက်ရာ မြတ်စိုးမှာ မိမိကိုမကြည့်ဘဲ အပေါက်ဝဘက်သို့ ကြည့်နေသဖြင့် လိုက်ကြည့်လိုက်သည်တွင် အခန်းတွင်းသို့ ကော်ဖီပန်းကန်ကလေးကိုင်ရင်း ပြုံးစိစိနှင့် ဝင်လာသော မဟိုဒင်းကိုတွေ့ရမှ ရှင်းသွားလေတော့သည်။

"ဒါဖြင့် ဘာလို့မှတ်မိတယ် ပြောလဲ" ဟူသော မိမိ၏မေးခွန်းကို ပြန်ဖြေအံ့နိုးနိုးနှင့် စောင့်ဆိုင်းနေသော မြတ်စိုးမှာ အေးစက်စက်ဖြင့် ကော်ဖီပန်းကန်ကို စားပွဲပေါ်တင်လိုက်သော မဟိုဒင်းကို ဒေါသထွက်လာပြန်သဖြင့် "ဟင်" ဟု ထပ်ငေါ့လိုက်ရာ သူ့မေးခွန်းကိုပင် အမှတ်တမဲ့ဖြစ်နေသော မဟိုဒင်းမှာ လန့်၍ ဆတ်ခနဲဖြစ်သွားပြီး "ဟင်" ဟု ပြန်မေးမိလေ၏။

"မင်း ငါရုပ်ဖျက်ထားတုန်းက မှတ်မိတယ်ဆို"

"မှတ်မိတယ်လေ ဒါ ဘာဖြစ်သလဲရှင့်"

"ဟော့...ဖိုးဘ မင်းကတော့ ဘာလို့မမှတ်မိသလဲ"

ဖိုးဘမှာ ညကတည်းက မှတ်မိသော်လည်း သူ့ဆရာ စိတ်ဆိုးမည်စိုး၍ အကြိုက်လိုက်ဖြေရသဖြင့် ယခုအမေးကိုလည်း ကြံဖန်ကာ ပြန်ဖြေ

mgoe.com

mgyoe.com


လိုက်ရလေ၏။

"ဒါကတော့ဆရာ မဟိုဒင်းက ဆရာနဲ့အတူတူမနေဘူးတော့ စုံထောက်ဉာဏ်၊ စုံထောက်အတွေးတွေ မဝင်သေးလို့ပေါ့ ဆရာရဲ့၊ ကျွန်တော်ကတော့ ဆရာ့တပည့်ပီပီ ဆရာ့မတွေ့မီကတည်းက ဧကန္တ ဆရာ့ကိုပြန်ပေးလုပ်သွားကြပြီလို့ ကြိုတင်တွေးမိထားတော့ ရုပ်ဖျက်ထားတာကို မမှတ်မိတာပေါ့ဆရာရဲ့၊ သူကတော့ ဒီအခန်းထဲမှာ ဆရာတစ်ယောက်အပြင် ဘယ်သူမှမရှိဘူးလို့ (လူပြိန်းတွေး) တွေးထားတာကိုး ဆရာရဲ့"

ထိုးကွက်များဖြင့် ကြောင်ကြောင်ကျားကျား ဖြစ်နေသော မြတ်စိုးမှာ ဖိုးဘ၏အဖြေကို ကျေနပ်နှစ်သိမ့်သွားသဖြင့် သူတို့နှစ်ယောက်စလုံးကို ပြန်လွှတ်လိုက်လေရာ အိမ်နောက်ဖေးခန်းသို့ ရောက်သောအခါ မဟိုဒင်းက ဖိုးဘအား...

"ရှင်တို့ဆရာက ဘယ်လိုလူစားလဲရှင့်"

"သြော်...ဒါကြောင့်မို့ ကျုပ်အစကတည်းက ပြောသားပဲ၊ သတိထားနေပါ၊ ဝွကျပါတယ်လို့ ကျုပ် ပြောမထားဘူးလားဗျ"

မိန်းမပျိုမှာ ပြုံးလိုက်ပြီးလျှင် နံနက်စာချက်ပြုတ်ရန်အတွက် ဖိုးဘဝယ်လာခဲ့သော ဈေးခြင်းတောင်းထဲမှ ပစ္စည်းများကို ထုတ်၍ ပန်းကန်ခွက်ယောက်များထဲသို့ ရွှေ့ပြောင်းနေလေ၏။ ဖိုးဘမှာ မိန်းမပျိုကိုကြည့်၍ "မဟိုဒင်း ရောက်လာတော့ ငါ သက်သာရာရချေသေးရဲ့" ဟု တွေးကာ တစ်ယောက်တည်း ပီတိဖြစ်နေလေသည်။

ထမင်းစားသောက်ပြီးစီးသွားကြ၍ နေ့ခင်းဘက်သို့ ရောက်လာသောအခါ ခါတိုင်းဆိုလျှင် ဖိုးဘမှာ ပျင်းပျင်းရိရိဖြင့် အိပ်နေတတ်သော အချိန်ဖြစ်သော်လည်း မဟိုဒင်းက ကြမ်းများကို ရေနှင့်ပွတ်တိုက်ဆေးကြမည်ဟု ဆိုသဖြင့် ရေဇလုံကို အိမ်ရှေ့သို့သယ်ကာ မဟိုဒင်းနှင့်အတူ ပျော်ရွှင်စွာ ကြမ်းတိုက်နေကြလေ၏။ တဖြည်းဖြည်းနှင့် မြတ်စိုးအခန်းရှေ့နားသို့ ရောက်လာကြရာ အတွင်းခန်းမှ မြတ်စိုးမှာလည်း သူ့စိတ်ကူးနှင့်သူ လက်ကြီးနှစ်ဖက် မြှောက်လျက် နောက်ပြန်ဆုတ်ထွက်လာရာ အခန်းဝရှိ အခန်းပေါက်ပေါင်နှင့် ခလုတ်တိုက်လေသည်တွင် ဝုန်းကနဲ ရေဇလုံပေါ် ဖင်ထိုင်လျက်ကျလေ၏။ ရေများလည်း ကြမ်းပြင်ပေါ် ဖိတ်စဉ်သွားရာ နဂိုက

mgyoe.com

mgyoe.com
လည်း ကြမ်းတိုက်သောရေများရှိသဖြင့် ငေးကြည့်နေမိကြသော မဟိုဒင်းနှင့် ဖိုးဘတို့ မျက်စိရှေ့တွင်ပင် လျှောထွက်သွားသော ရေဇလုံနှင့် အပေါ်မှ ဖင်ထိုင်လျက်ပါသွားသော မြတ်စိုးမှာ လှေကားထိပ် တံခါးခုံနှင့် တစ်ဖန်ဆောင့်မိပြန်သောအခါ ရေဇလုံနှင့်တကွသော မြတ်စိုးမှာ မြေကြီးဒုတ်ဒုတ်ထိ တလိမ့်ခေါက်ခွေ ကျသွားလေ၏။ ရေဇလုံထဲမှ အနည်းငယ်ကျန်ရှိနေသေးသော ရေများမှာ မြတ်စိုးတစ်ကိုယ်လုံးကို စွတ်စိုစေသဖြင့် ဖုတ်ထဲတွင် လိမ့်သွားရာမှ ပြန်ထလာသောအခါ မြတ်စိုးတစ်ကိုယ်လုံးမှာ သဲများမြေကြီးများကပ်၍ လူရုပ်ပင်မပေါ်အောင် ဖြစ်နေလေသည်။ အိမ်ပေါ်မှ ဖိုးဘနှင့် မဟိုဒင်းတို့လည်း ပြေးဆင်းလာကြပြီး မြတ်စိုးထံ ရောက်လာသောအခါ မရယ်မိအောင် မနည်းကြီး သတိထားနေကြရလေ၏။

မြတ်စိုးမှာ ဖိုးဘနှင့် မဟိုဒင်းနှစ်ယောက်ကို ပစ်ဆူလိုက်တော့မည်ဟုကြံစဉ် ဝင်းဝမှ ဝင်လာသော အသက်လေးဆယ့်ငါးနှစ်ခန့်ရှိ ထိပ်ပြောင်ပြောင် လူကြီးတစ်ယောက်ကို တွေ့သောအခါ မျက်လုံးပြူးသွား၍ စောစောက ဆူမည်ဟူသော အကြံကို ပယ်ဖျက်လိုက်ပြီးလျှင် "ဦးခင်မောင်ကြီး လာနေတယ် ငါသိပ်စကားမပြောချင်ဘူး…မင်းတို့ကြည့်လိမ့်ကြ…" ဟု ပြောလိုက်လေ၏။

ထိုအခါ ဖိုးဘသည် မဟိုဒင်းနားနားသို့ကပ်၍ "မဟိုဒင်း အဲဒီလူကြီးဟာ သိပ်စကားများတယ် ဆရာက သူ့ဝတ္ထုရေးမယ် ကြံနေတုန်း စကားကို ငါးနာရီ၊ ခြောက်နာရီ လာထိုင်ပြောနေမှာ ကြောက်တယ်လေ"ဦးခင်မောင်နှင့်ပတ်သက်သမျှကို ရှင်းပြလိုက်မှ မဟိုဒင်းမှာလည်း ဦးခင်မောင်ကို စိုက်ကြည့်နေလေသည်။

ဦးခင်မောင်မှာ ထိပ်ပြောင်ကြီးကို ပွတ်လိုက်ရင်း တဖြည်းဖြည်း သူတို့နားကို ရောက်လာသောအခါ ဖုတ်အလူးလူး သဲအပေပေဖြစ်နေသော မြတ်စိုးကို တစ်ချက်ကြည့်လိုက်သော်လည်း မှတ်မိဟန်မရှိဘဲ ဖိုးဘကို မေးလိုက်လေ၏။

"ဟေ့ မောင်ဖိုးဘ၊ မင်းဆရာတစ်ယောက်ကော…"

"မြို့ထဲသွားတယ်"

"တော်တော်ကြာမယ် ပြောသွားသလား"

mgyoe.com

mgyoe.com


"ဟုတ်တယ်ဆရာ အဆင်မသင့်ရင် နက်ဖြန်မနက်မှ ပြန်လာမယ်တဲ့၊ ဘာကိစ္စရှိလို့လဲ ဦးက..."

"ကျုပ်ကတော့ ကိစ္စမရှိပါဘူး။ စကားပြောချင်လို့ပါ အဆင်မသင့်ရင် နက်ဖြန်မှ ပြန်လာမယ်တဲ့လား"

"ဟုတ်တယ် ဦး"

"ဒါဖြင့် အဆင်သင့်ရင်တော့ ချက်ချင်းပြန်လာနိုင်မှာပေါ့"

ဖိုးဘမှာ ရုတ်တရက် ဘာပြန်ပြောရမည်ကို မသိတော့ဘဲ ကြောင်အမ်းအမ်းကြီး ဖြစ်သွားရာ အဖိုးကြီး၏ စောင့်နေမည့်ဟန်ကို တွေ့ရသောအခါ မြတ်စိုးမှာ မအောင့်နိုင်တော့ ကြားမှ ဝင်ပြောလိုက်မိလေ၏။

ဦးခင်မောင်သည် ဖိုးဘကို စကားပြောနေရာမှ မြတ်စိုး၏ စကားကို ကြားသောအခါ ချာခနဲ နောက်သို့ လှည့်ကြည့်လိုက်ပြီး...

"အလို...ဒီပေပေရေရေ အကောင်က ဘယ်ကလဲ"ဟု ဖိုးဘဘက်ကို လှည့်မေးလိုက်မှ မြတ်စိုးမှာ သူ့ကိုယ်သူ ငုံ့ကြည့်ပြီး ပြုံးပြုံးကြီး ဖြစ်သွားသည့်တိုင်အောင် ဖိုးဘမှာ ဘာပြန်ဖြေရမည်ကို မသိသေးဘဲ ထူအအဖြစ်နေတုန်းပင် ဖြစ်၏။

ဤအချိန်တွင် မဟိုဒင်းမှာ သူ၏အလှည့် ရောက်လာပြီကို ပါးနပ်စွာ တွေးမိ၍ အဖိုးကြီးကို ဝိုင်းလိမ့်ကြသော တာဝန်ကို ပခုံးတစ်ဖက်ဖြင့် ထမ်းလိုက်၏။

"သူက အရူးလေ"

မြတ်စိုးမှာ ဇတ်ခနဲ မဟိုဒင်းကို မော့ကြည့်လိုက်သည်နှင့်အမျှ ဖိုးဘမှာ ပါးစပ်ဟ၍ မျက်လုံးကြီးနှစ်လုံး ပြူးသွားလေ၏။ ဦးခင်မောင်မှာ မြတ်စိုးကို လှည့်မကြည့်ဘဲ မဟိုဒင်းကိုသာ စိုက်ကြည့်ကာ...

"နေပါဦး မင်းကကော မောင်မြတ်စိုးနဲ့ ဘာတော်သလဲ"

ဦးခင်မောင် ဤသို့မေးလိုက်ရာ ဖိုးဘမှာ အကြီးအကျယ် လန့်သွားမိလေသည်။ မြတ်စိုးတွင် မော်လမြိုင်က အဒေါ်မုဆိုးမကြီးမှလွဲ၍ တခြားဆွေမျိုးသားချင်းမရှိသည်ကို ဦးခင်မောင်ကောင်းကောင်းသိ၍ အကယ်၍ တည့်မဟိုဒင်းက "ညီမပါ..." စသည်ဖြင့် ဆွေမျိုးတစ်နည်းနည်း တော်လိုက်လျှင် သွက်သွက်ခါအောင် ကိမ်းစောင်းတော့မည်ဖြစ်သဖြင့် မဟိုဒင်း မဖြေမီ

mgyoe.com

mgyoe.com


ဦးအောင် ကြိုတင်ဖြေဆိုလိုက်ပါသော် သူ့အဖြေမှာ ပေါ်ထွက်လာ လေ၏။

"မယားပါ..."

"ညီမလေး..."

အဓိပ္ပာယ် လိုချက် ဝေးကွာလှသော အဖြေနှစ်ခုကြောင့် ဦးခင်မောင်မှာ ဖိုးဘက မျက်လုံးပြူး၍ လှည့်ကြည့်လိုက်သည်တွင်မှ ဖိုးဘမှာ အချိန်မီ ပြန်အုပ်ဆိုင်းရလေ၏။

"မယားပါ ညီမလေး"

"ဟေ..မောင်ဖိုးက ဘယ့်နှယ် မယားပါညီမလဲကွ၊ မယားကပါတဲ့ ညီမကို ခယ်မလို့ ခေါ်တယ်မဟုတ်လား"

"အင်း...ဟုတ်တယ်ထင်တယ်"

"ဟုတ်ပါတယ်"

"ဟုတ်ပါတယ်"

"သူက ခယ်မလား"

"ဟုတ်တယ်လေ"

"မဟုတ်သေးပါဘူး"

"ဒါဖြင့် မယားပါ ညီမလေးပေါ့"

"မင်းစကားကြီးက ရှုပ်ပြန်ပြီ၊ ငါမေးတာက ခယ်မဆိုရအောင် မောင်မြတ်စိုးမှာလည်း မယားမရှိဘူး"

"ဦးက ဆရာ့ကိုမွေးကတည်းက တွေ့လာတာမှ မဟုတ်တာ ဆရာကို မြတ်စိုးဟာ အသက်နှစ်ဆယ်လောက်မှာ အိမ်ထောင်ကျတယ်၊ နောက်သူက စိတ်တိုင်းမကျတော့ ကွာပစ်တယ်၊ အခုတော့ လှေကားသုံးထစ်ဆင်း လူပျိုကြီးပေါ့"

ဖိုးဘမှာ သူ့စကားသူ သဘောကျစွာနှင့် "ဟား...ဟား" နှင့် ဆက်ရယ်နေရာ ဦးခင်မောင်မှာ အံ့ဩသော မျက်နှာနှင့်လည်းကောင်း၊ မဟိုဒင်းမှာ ပြုံးစိစိလေးနှင့်လည်းကောင်း အသီးသီးရှိနေကြစဉ် မြတ်စိုးမှာ သဘောကျလှသဖြင့် "ဟီ...ဟီ...ဟီ..ဟီ" ဟု အလန့်တကြား ရယ်လိုက်ရာ ဦးခင်မောင်မှာ လန့်၍ ခုန်လိုက်ပြီးနောက် လှည့်ကြည့်လိုက်လေ၏။ ပြီးမှ ဖိုးဘကို တစ်ဖန်ပြန်ကြည့်ပြီး...

mgyoe.com

mgyoe.com


"ဒီအရူးကရော ဘယ်ကအရူးလဲ" ဟု မေးရာ ဖိုးဘက ပြန်ဖြေလိုက်မည်ပြုစဉ် အသက် ဆယ့်ခုနစ်နှစ်ခန့် လူငယ်ကလေးတစ်ယောက်ဝင်လာ၍...

"ဒီဥစ္စာ ဦးမြတ်စိုးအိမ် မဟုတ်လားဗျာ" ဟု ဦးခင်မောင် မဟိုဒင်း ဖိုးဘတို့ကို တစ်လှည့်စီကြည့်ရင်း မေးလိုက်လေ၏။

ဤတွင်မှ ဖိုးဘမှာ မနေသာတော့ဘဲ "ဆရာကိုမြတ်စိုးမြို့ထဲသွားတယ်လေ" ဟု ပြန်ဖြေလိုက်ရပေရာ သူငယ်ကလေးမှာ သက်ပြင်းကလေးချပြီး "ဘယ်တော့လောက် ပြန်လာမလဲ" ဟု တစ်ဖန် မေးလိုက်ပြန်လေ၏။ ဤနေရာတွင် ဦးခင်မောင်ကြီးက ဝင်ပြီးလျှင်...

"ဟော့ ကြာမယ်တဲ့ အဆင်မသင့်ရင် နက်ဖြန်မနက်မှ လာမယ်တဲ့"

"ဒါဖြင့် ကျွန်တော်ပြန်ပါဦးမယ်၊ ကိစ္စကတော့ ခေတ်ရှေ့ပြေးစာအုပ်တိုက်က နှစ်ကျပ်တန် ဝတ္ထုတစ်ပုဒ်လိုချင်လို့ပါ အခုစရံငွေ တစ်ရာလောက်ပေးချင်လို့"

"ငွေတစ်ရာ" ဟူသောအသံကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် ငွေကျပ်တည်းနေသော မြတ်စိုးတို့ ဆရာတပည့်နှစ်ယောက်မှာ သွားရည်ယိုလာလေ၏။ ထို့ကြောင့်ပင် ဖိုးဘက...

"ခဏစောင့်ပါဦးလား"

"ချက်ချင်းပြန်လာမှာမှ မဟုတ်ဘဲ"

"ပြန်လာမှာပေါ့"

ဖိုးဘက အဖြေအဆုံးတွင် ဦးခင်မောင်ကဝင်၍ "ဒါဖြင့်ဒို့လည်းစောင့်ဦးမယ်" ဟု ပြောလိုက်ရာ ဖိုးဘက "ဒါ အဆင်သင့်မှပါ မသင့်ရင် နက်ဖြန်မှပြန်လာမယ်" ဟု ပြောလိုက်ရပြန်လေ၏။

စာအုပ်တိုက်မှသူငယ်ကလေးလည်း "ကျွန်တော်ပြန်ဦးမယ်လေ၊ နောက်မှ လာဦးမယ်... နှစ်ရက်ကြာတော့" ဟု ပြောပြီး လှည့်ထွက်သွားလေရာ မြတ်စိုးမှာ မနေသာတော့ဘဲ သူငယ်ကလေးကို ပြေးဖက်လေ၏။

"နေပါဦး စောင့်ပါဦး"

"ဟာ...ကိစ္စရှိသေးတယ်ဗျာ"

"နေပါဦး"

mgyoe.com

mgyoe.com


"မနေနိုင်ဘူးခင်ဗျ...လွတ်စမ်းပါ"

"ဟာ...နေပါဦး"

သူငယ်ကလေးနှင့် မြတ်စိုးမှာ တစ်ယောက်ကဆွဲ တစ်ယောက်က ရုန်းနှင့် နေပူထဲတွင် ဟိုရောက်သည်ရောက်နှင့် ဖုံတွေလည်း ထလာလေ၏။ ထိုအချိန်တွင် ဖိုးဘမှာလည်း ဦးခင်မောင်မပြန်နိုင်သေးသဖြင့် စိတ်ရှုပ်နေစဉ် အကြံတစ်ခုပေါက်လာ၍ ဦးခင်မောင်လက်ထဲမှ တုတ်ကောက်ကို ဆတ်ခနဲဆွဲယူကာ "ဟာ မြွေ...မြွေ" ဟု အော်ပြီး ခြံပြင်သို့ ထွက်ပြေးလေ၏။ ဦးခင်မောင်မှာ သူ့တုတ်ကောက်ကို သူနှစ်သက်လှသဖြင့် မြွေရိုက်လျှင် မတော်တဆကျိုးသွားမည်စိုးသဖြင့်...

"ဟေ့ မြွေမကလို့ နဂါးကြီးတွေ့တွေ့ မရိုက်ပါနဲ့ကွာ" ဟု အော်ရင်း ဖိုးဘနောက်ထွက်လိုက်ရန် ကြိုးစားလိုက်ရာတွင် အနားမှ မဟိုဒင်းမှာ ဖိုးဘ၏ပရိယာယ်ကို မသိဘဲ မြွေကိုသာ သေစေလိုသဖြင့် ဦးခင်မောင် လိုက်မသွားစေရန် ပုဆိုးကို ဆွဲထားလိုက်သည်ဖြစ်ရကား ဦးခင်မောင်မှာ မြေကြီးပေါ် လေးဖက်ထောက် ကျသွားလေ၏။ သို့သော် သူ့တုတ်ကောက်ကိုသာ ဂရုထားလှသဖြင့် အတင်းပြန်ထပြေးလေရာ ပုဆိုးလုံကွင်းမှာ မဟိုဒင်း၏လက်ထဲတွင်ပင် ကျန်ရစ်ခဲ့၍ သူကိုယ်တိုင်မှာမူ ဘောင်းဘီတိုကလေးနှင့် ပြေးသွားရလေ၏။

ယခုကဲ့သို့ လုလစ်သည်တွင်မှ မြတ်စိုးမှာ သူငယ်ကလေးအား...

"ဟေ့ မြတ်စိုးဆိုတာ ငါပဲကွ ရပ်ဖျက်ထားတာ စောစောက ဟိုထိပ်ပြောင်ပြောင်ကြီးနဲ့ အဖိုးကြီးရှိလို့ ငါမပြောတာ ဒီအဖိုးကြီးနဲ့ငါ စကားမပြောချင်လို့" ဟု ခပ်မြန်မြန်ကလေး ရှင်းပြလိုက်မှ သူငယ်ကလေးသည် ကျေနပ်သွားသလိုဖြစ်ကာ အိမ်ပေါ်တက်၍ ငွေတစ်ရာပေးပြီး ပြန်သွားလေ၏။ သို့သော် ခြံပြင်တွင် စာအုပ်တိုက်မှ ပေးလိုက်သော မြတ်စိုးလက်မှတ်နှင့် ယခု ငွေလက်ခံဖြတ်ပိုင်းမှ မြတ်စိုးလက်မှတ် တူမတူကို တိုက်ကြည့်သွားသေး၏။

စာအုပ်တိုက်မှ သူငယ်ကလေး ပြန်သွားပြီကိုတွေ့မှ ဖိုးဘလည်း ဦးခင်မောင်၏တုတ်ကိုပြန်ပေးရင်း "မြွေဟာ ဟိုကြားထဲဝင်သွားတာပဲ" ဟု အခဲမကျေသည့်ဟန်နှင့် ပြောလိုက်ပြီး ပြန်လာရာ ဦးခင်မောင်လိုက်

mgyoe.com

mgyoe.com


လာသည်ကို တွေ့သဖြင့်...

"ဦး မပြန်သေးဘူးလား"

"ဟ...မောင်ဖိုးဘရဲ့ ငါလုံချည်မပါဘဲ ဒီဘောင်းဘီအဖြူကြီးနဲ့ သွားရမလားကွဲ့" ဟု ပြန်ပြောလိုက်မှ ဖိုးဘမှာလည်း အောက်ပိုင်းငုံ့ကြည့်မိကာ ပြုံးလျက်...

"လုံချည်က ဘယ်မှာချွတ်ထားခဲ့သလဲ"

"ဟို...မောင်မြတ်စိုးရဲ့ မယားပါညီမလေး ဆွဲချွတ်ထားလိုက်တယ် လေ"

"ဟင်...ဆွဲချွတ်တယ် ဟုတ်လား"

"ငါတော့ ဒီလိုထင်တာပဲ"

နှစ်ယောက်စလုံးပြန်ရောက်ပြီး မဟိုဒင်းနှင့် တွေ့ဆုံတော့မှ လုံချည်ပြဿနာရှင်းသွားကြလေသည်။ ဦးခင်မောင် လုံချည်ဝတ်ပြီး ပြန်သွားမှ မဟိုဒင်းနှင့် ဖိုးဘတို့ အိမ်ပေါ်တက်လာကြပြီး မြတ်စိုးအား ဖိုးဘက...

"ငွေရသလား ဆရာ"

"အေး...ရတယ်ကွ"

"ဆရာ့တပည့် ပရိယာယ်ဆင်ပုံ မညံ့ပါဘူးဆရာ" ဟု သူ့ရင်ဘတ်သူ လက်မနှင့်ထောက်၍ ကြွားလိုက်ပြီး မဟိုဒင်းဘက်လှည့်၍...

"ဒါတောင် မဟိုဒင်းက အဖိုးကြီးလုံချည် ဆွဲချွတ်သေးတယ်"

"ဆွဲချွတ်တာ မဟုတ်ပါဘူး...တကယ့်မြွေမှတ်လို့ ရိုက်ဖြစ်အောင် ဆွဲထားတာပါ"

မဟိုဒင်းက ပြောပြောဆိုဆို ဖိုးဘနှင့် မြတ်စိုးတို့နှစ်ယောက်စလုံးကို မျက်စောင်းကလေး ချိတ်သွားကာ အိမ်နောက်ဖေးဘက်ဝင်သွားလေရာ ဖိုးဘသည် သူ့ဆရာအားကြည့်လျက် ပခုံးတွန့်၍ မျက်စ,ပစ်ပြလိုက်လေ၏။ မြတ်စိုးကမူ ထမင်းလုတ် နင်သည့်ဟန်နှင့် လည်ကိုစင်း၍ မျက်လုံးပြူးပြလိုက်စဉ် ဖိုးဘက...

"ဆရာ့မျက်နှာ သွားသစ်စမ်းပါဦး...ကျွန်တော် ကြောက်လာပြီ"ဟု ပြောလိုက်မှ မြတ်စိုးသည် ပြုံး၍ နောက်ဖေးဘက်သို့ ထွက်လာခဲ့လေ၏။

mgyoe.com

mgyoe.com


## အခန်း – ၃

နောက်တစ်နေ့နံနက် မဟိုဒင်း ဖျော်ပေးသော ကော်ဖီကို သောက်ပြီးသောအခါ မြတ်စိုးသည် အဝတ်အစား ခပ်လွင်လွင်များကို လဲလှယ်ပြီး မဟိုဒင်းကိုခေါ်ကာ...

"ကဲ...မဟိုဒင်း မင်းမှာ အဝတ်အစားမရှိဘူး မဟုတ်လား"ဟု မေးလိုက်ရာ မဟိုဒင်းမှာ မျက်စိမျက်နှာ ပျက်သွား၍ သူ့ကိုယ်သူ မလုံသလို ပြန်ငုံ့ကြည့်မိရာက မြတ်စိုးကို မရဲတရဲ မျက်လွှာကလေး ပင့်ကြည့်ရင်း...

"ဘယ်တုံးကလဲ...ညအိပ်တုန်းကလား"ဟု ပြန်မေးလိုက်မှ မြတ်စိုးမှာ မိမိစကားကို အတော်လွဲသွားပြီဟု တွေးမိသဖြင့် အားတုံ့အားနာဟန်ကြီးဖြင့် မျက်လုံးကြီးပြူးကာ ခေါင်းခါပြလျက်..

"ဟာ...မဟုတ်ဘူး...အခုဝတ်ထားတဲ့ ဝတ်စုံကလွဲပြီး မပါလာဘူး မဟုတ်လား၊ ဒါကြောင့် ဒီနေ့ သွားဝယ်မလို့"

"အားတော့...."

"ဟာ...အားတော့ နာပါတယ်တွေ ဘာတွေ လုပ်မနေပါနဲ့ မလိုပါဘူး"

"မဟုတ်ပါဘူး...ကျွန်မပြောမှာက အားတော့ သွားဝယ်တာပေါ့လို့ ပြောတာပါ"

"ဒါပေမဲ့ မင်းကိုယ်တိုင် မသွားရဘူး၊ မင်းပထွေး ရန်ကိုကြောက်ရတယ်။ အိမ်ထဲက အိမ်ပြင်မထွက်နဲ့၊ ငါသွားဝယ်မယ်၊ လုံချည်က ဝယ်ရလွယ်တယ်။ အကျႌအတွက် ဘယ်လိုလုပ်မလဲ"

မဟိုဒင်းမှာ မိန်းမနှင့် ဆက်စပ်မှုမရှိခဲ့သော လူပျိုကြီးစာရေး ဆရာတစ်ယောက်အား မိန်းမအဝတ်အစားများ ဝယ်ခိုင်းရသည်ကို အားနာသလို ရှိသော်လည်း မတတ်သာသဖြင့်...

"ဘော်လီနဲ့ ဒီအကျႌကို ယူသွားပေါ့"

"ဟင်...မင်း ဘာဝတ်မလဲ"

"ကိုမြတ်စိုးတို့ ရှပ်အကျႌ တစ်ထည်လောက်"

မြတ်စိုးမှာ မျက်လုံးကြီးပြူးသွားကာ လက်ဝါးကြီးနှစ်ဖက်ကာရင်း...

mgyoe.com

mgyoe.com


"ဟင်...မဖြစ်ဘူး မဖြစ်ဘူး ဘုန်းနိမ့်ကုန်မယ်"

"ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ"

မြတ်စိုးသည် မဟိုဒင်း၏ အဝတ်ပြဿနာကို ဖြေရှင်းရန် အတန် ကြာ မျက်မှောင်ကုတ်၍ စဉ်းစားပြီးမှ အခန်းထဲသို့ဝင်၍ ပြန်ထွက်လာသော အခါ လက်တဲတွင် ကုတ်အကျီအဟောင်းကြီးတစ်ထည်၊ စွပ်ကျယ်လက်တိုဟောင်း တစ်ထည်နှင့် ဘောင်းဘီရှည်အစိမ်းကြီးတစ်ထည်တို့ကို ယူလာပြီး မဟိုဒင်းရှေ့တွင် ပုံချလိုက်၏။

မဟိုဒင်းမှာ မြတ်စိုး၏အပြုအမူကို မရိပ်မိဟန်ဖြင့် ကြမ်းပေါ်တွင် ပုံနေသော အဝတ်ဟောင်းပုံကြီးကို တစ်လှည့်၊ မြတ်စိုး၏ မျက်နှာကိုတစ်လှည့် ကြည့်နေမိလေ၏။ မြတ်စိုးသည် အူကြောင်ကြောင်နှင့် ကြည့်နေသော မဟိုဒင်းကို စိတ်မရှည်သလိုဖြင့် "ဘာကြည့်နေတာလဲ"ဟု ခပ်ငေါက်ငေါက်ကလေး ပြောလိုက်ရာ မဟိုဒင်းမှာ လန့်ဖျပ်ပြီး တိကျသော အဖြေကို ပေးလိုက်မိလေ၏။

"အဝတ်ပုံတစ်လှည့် ရှင့်တစ်လှည့် ကြည့်နေတယ်လေ"

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ်"

"ငါက မဟုတ်ဘူးဆိုရင် မဟုတ်ရဘူး"

"ကဲ....မဟုတ်ပါဘူး"

"အဲ...ဟုတ်ပြီ"

"ဟုတ်ပြီ"

"တော်တော့...မင်း ငါ့စကားကို လိုက်မပြောနဲ့တော့၊ ဒီအဝတ်တွေလဲ ငါသွားတော့မယ်"

မဟိုဒင်းမှာ ယခုမှ ပြုံးပြုံးကလေးဖြစ်လာပြီး ကြမ်းပေါ်က အဝတ်များကို တစ်ထည်စီ ကောက်ယူပွေ့လိုက်ရာက ဘောင်းဘီရှည်ကြီးအလှည့်သို့ ရောက်သောအခါ...

"ဒါကကော လဲရမှာလား"

"အင်း..."

"လုံချည်ဝယ်တာ တိုင်းဖို့မလိုပါဘူး"

mgyoe.com

mgyoe.com


"ငါ သိပါတယ်၊ ဒါပေမဲ့ မင်းလုံချည်က ဟောင်းနေပြီ"

"ဟင်...ဒီဘောင်းဘီကြီးကတော့ သစ်လွန်းလို့"

"မင့်ကို အသစ်ပါဆိုပြီး ပေးတာမဟုတ်ဘူး၊ ဒီဘောင်ဘီလဲထားပြီး မင့်လုံချည်ကို ဒီနေ့လျှော်၊ ငါက သန့်သန့်ပြန့်ပြန့်မှ ကြိုက်တာ"

"ဒါဖြင့် ရှင်ကတော့ ဘာလို့ခေါင်းမဖီးသလဲ"

ပြောင်းဖူးမွေးကဲ့သို့ဖြစ်နေသော မြတ်စိုး၏ဆံပင်ကို ကြည့်ရင်း မဟိုဒင်းက မေးလိုက်မှ မြတ်စိုးမှာ ခေါင်း လက်ဖြင့် တစ်ချက်ပွတ်လိုက် ရင်း....

"ဒါက ဟိုဟာ ငါက သန့်သန့်ရှင်းရှင်းမှ ကြည့်တတ်တယ်ပြော တာ၊ ငါ့ကိုယ်ငါ ဘယ်တော့မှ မှန်ထဲမကြည့်ဘူး၊ ကဲ...စကားများမနေနဲ့ ...အဝတ်လဲ"ဟု ပြန်ဖြေရင်း အမိန့်တော်ကိုပါ ထပ်ဆင့်ပြန်လိုက်ရာ မဟို ဒင်းမှာ အဝတ်လဲရန် အဝတ်များကို ပွေ့ပိုက်ပြီး နောက်ဖေးဘက်က သူ့ အခန်းဆီသို့ ခြေဦးလှည့်လိုက်စဉ် မြတ်စိုးက...

"ဒါက ဘယ်သွားဦးမလို့လဲ"

မဟိုဒင်းမှာ ချာခနဲပြန်လှည့်လိုက်ပြီး စိတ်ကလေး တိုလာဟန်ဖြင့်...

"အဝတ်အစားလဲတာ ရှင့်ရှေ့မှာ လဲရမှာလားလို့"

"အေး..."

မဟိုဒင်း၏မျက်လုံးသည် ပုစွန်ထုပ်နှင့် ပြိုင်လေတော့၏။

"ရှင့်ရှေ့မှာ လဲရမယ်....ဟုတ်လား"

"မဟုတ်ပါဘူး"

"နို့ အေးဆို...."

"ဘယ်က နို့အေးလဲ"

"မဟုတ်ပါဘူး ရှင်က စောစောတုန်းက အေး...လို့ဆိုတယ် မဟုတ် လား"

"ဒါက မင်းလုပ်တာ မှန်တာကို သဘောတူကြောင်းပြတဲ့ အာမေ ဋိတ်ပဲ"

မဟိုဒင်းမှာ ခြေကလေး ခပ်ဆောင့်ဆောင့်နှင့် နောက်ဖေးဘက် ထွက် သွားရာ လူပျိုကြီးမြတ်စိုးမှာ မဟိုဒင်း၏ ချစ်စဖွယ်အပြောအဆို အပြုအမူ ကလေးကြောင့် ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားကာ အပေါ်အကျီ မဝတ်ရဲ

mgyoe.com

mgyoe.com


သေးဘဲနှင့် အပေါ်အင်္ကျီအိတ်ထဲက လက်ကိုင်ပဝါကို ကပျာကယာ ဆွဲထုတ်လေရာ လက်တစ်ဖက်ထဲ တင်ပါးနားတွင် တက်လိုက်ဆင်းလိုက် အတန်ကြာဖြစ်နေပြီးမှ သတိရလာလျက် အပေါ်အင်္ကျီသွားဝတ်လေ၏။

နေ့လယ်ဘက် ရောက်သောအခါ အိမ်တွင် ကျန်ရစ်ခဲ့သော မဟိုဒင်းနှင့် ဖိုးဘတို့မှာ ဖိုးဘက အိမ်ရှေ့ကြမ်းကိုတိုက် မဟိုဒင်းက မြတ်စိုး၏ အဝတ်များ၊ သူ့ထဘီတစ်ထည် စသည်တို့ကို လျှော်နှင့် ကိုယ်စီကိုယ်င အလုပ်ရနေကြလေသည်။

မဟိုဒင်းသည် အဝတ်လျှော်ပြီး၍ အိမ်အောက်ထပ် ဆင်းလာကာ အိမ်ရှေ့ခြံဝင်းထဲတွင် အဝတ်လှမ်းနေလေ၏။ ထိုအချိန်တွင် အိမ်ရှေ့ဝင်းတံခါးဝသို့ အသက်နှစ်ဆယ့်ရှစ်နှစ် နှစ်ဆယ့်ကိုးနှစ်ခန့် အသားဖြူဖြူ ပိန်ပိန်ရှည်ရှည် လူရွယ်တစ်ဦးနှင့် အသက်နှစ်ဆယ်ခန့် အသားလတ်လတ် ခပ်ပုပု မိန်းမပျို တစ်ယောက်တို့သည် လက်ဆွဲသားရေသေတ္တာ လွယ်အိတ်များနှင့် ချဉ်းကပ်လာကြလေသည်။ လူရွယ်မှာ ဒီအိမ်ဟုတ်ပါ့မလား ဟူသော သံသယစိတ်မျိုးဖြင့် အိမ်ကိုကြည့်လိုက် အိမ်ရှင်ကို တွေ့လိုတွေ့ငြား ပြတင်းပေါက် တံခါးပေါက်များသို့ ကြည့်လိုက်နှင့် လည်ပင်းတဆန့်ဆန့်ဖြစ်နေကာ ခြံဝင်းထဲသို့ ကြည့်လိုက်ရာ အဝတ်လှမ်းနေသော မဟိုဒင်းကို တွေ့ရလေ၏။ မဟိုဒင်းမှာ သူတို့ဘက်လှည့်၍ အဝတ်လှမ်းနေသော်လည်း လှမ်းနေသောအဝတ်ကြီးက ခေါင်းမှစ၍ ခါးလောက်အထိ ဖုံးကွယ်ထားလေရာ ခြံဝမှ သူစိမ်းလူရွယ်မှာ ဘလေဇာကုတ်တစ်ပိုင်းနှင့် ဘောင်းဘီရှည်ကြီးကိုသာ မြင်ရသဖြင့် ပါလာသော မိန်းမပျိုဘက်သို့လှည့်၍....

"ဟော...ဟိုမှာ မြတ်စိုးပေါ့၊ အင်္ဂလိပ်ဝင်စက ငါပေးလိုက်တဲ့ ဘောင်းဘီကြီးဝတ်လို့..."ဟု ပြောလိုက်သော်လည်း သူ့ဘေးက မိန်းမပျိုမှာ မကြားသလို ငေးမြငေးနေလေသည်။

လူရွယ်မှာ ဖျတ်လတ်စွာ ခြံဝင်းတံခါးကို တွန်းဝင်သွား၍ မဟိုဒင်းဆီ ပြေးသွားပြီးမှ အနားရောက်သောအခါ မြတ်စိုးကို နောက်မည့်အကြံနှင့် အသာကုန်း၍ ခါးကို လက်နှင့်တို့လိုက်လေ၏။

"အမေ့..."

mgyoe.com

mgyoe.com

မဟိုဒင်းမှာ ငုံ့ကြည့်လိုက်ရာ လက်ကြီးနှစ်ဖက်သာ မြင်ရသဖြင့် ဖိုးဘ ဟုမှတ်ကာ...

"ကိုဖိုးဘနော်..."

ဟု ခပ်ကျယ်ကျယ်ကလေး အော်လိုက်ရာ အိမ်ပေါ်က ကြမ်းတိုက်နေသော ကိုဖိုးဘက ကြားသွား၍ "ဗျာ..."ဟု ထူးကာ ပြတင်းပေါက်မှ ခြံထဲသို့ လှမ်းကြည့်လိုက်လေ၏။

ခါးတို့သော လူရွယ်မှာလည်း မြတ်စိုးကိုယ်ထဲမှ မိန်းမသံထွက်လာ၍ အံ့အားသင့်သွားကာ ရှေ့ကအဝတ်ကြီး ဖယ်ချလိုက်သောအခါ လှပသော အသားညိုချော မိန်းမပျိုကလေး တစ်ယောက်ကို တွေ့ရသဖြင့်...

"ဟိုက်ရှော့...သောက်ကျိုးတွေတော့ အကြီးအကျယ် နည်းကုန်ပြီ"ဟု လွှတ်ခနဲထွက်သွားစဉ် မဟိုဒင်းသည်လည်း သူစိမ်းပြင်ပြင် လူတစ်ယောက်၏ ခါးတို့ခြင်းခံရသည့်အတွက် ဒေါသလည်းထွက် ရှက်လည်းရှက်ကာ မြေကြီးမှုန့်တွေနှင့် မျက်နှာကို ကျုံးပက်လေရာ လူရွယ်မှာ 'အား...ဝါး၀ါး... ဝူးဝါး....ဟတ်...ဟတ်...ဟတ်ချိုး...အူ ဖွတ်...ဖွတ်'စသော အသံများဖြင့် လက်ကလေးနှစ်ဖက်မှာလည်း တစ်စုံတစ်ယောက်ကို လက်ယပ်ခေါ်နေသလို မျက်နှာနားတွင် ခါခါခါခါနှင့် ဖြစ်နေလေ၏။ ခြံ၀မှ မိန်းမပျိုသည်လည်း သဲနှင့်ကျုံးပတ်နေသည်ကို တွေ့ရသောအခါ အန္တရာယ်တစ်ခုခုတော့ ကြုံနေပြီဟု သိရသဖြင့် အကူအညီပေးနိုင်လို့ ပေးနိုင်ငြား ပြေးဝင်လာလေသည်။

အိမ်ပေါ်ထပ် ပြတင်းပေါက်မှ ကြည့်နေသော ဖိုးဘမှာ "ကေန္တ မဟိုဒင်း၏ ပထွေးရန်ဆက်တွေ ဖြစ်ရမယ်"ဟု တစ်ယောက်တည်း ဆုံးဖြတ်အတည်ပြုကာ ဝါးရင်းတုတ်တစ်ချောင်း စောင်ကြီးတစ်ထည်ဖြင့် ပြေးဆင်းလာလေရာ ဝင်းဝက ဝင်လာသော မိန်းမပျိုကို တွေ့ရသဖြင့် လူရွယ်ကို အကူအညီပေးရန် ဝင်လာခြင်းဖြစ်သည်ဟု ဖိုးဘ အတတ်တွေးလိုက်ကာ အကူအညီပေးနိုင်ရန် ပြေးနေသော မိန်းမပျိုခြေနှစ်ဖက်ကြားသို့ ဝါးရင်းတုတ်ကို ထိုးလိုက်ရာ မိန်းမပျိုမှာ ခေါက်ခနဲ မြေကြီးပေါ်သို့ ကျသွားရှာလေ၏။

လူရွယ်မှာ သဲများဖုန်များ စင်သွားသောအခါ သူ့ရှေ့က ခပ်တည်တည်

mgyoe.com

mgyoe.com

ရပ်ကြည့်နေသော မဟိုဒင်းကို နားမလည်သလို ငေးကြည့်နေမိလေ၏။ ထိုခဏ၌ လျှပ်ပြက်သကဲ့သို့ ဖိုးဘသည် လျင်မြန်စွာ ပြေးဝင်လာကာ လူရှယ်ကို စောင်ကြီးနှင့် ခြုံဖမ်းလိုက်ပြီး ထိုလူရှယ် ရုန်းကန်နေစဉ် ဝါးရင်းတုတ်နှင့် ခေါင်းကို ပိတ်ချလေရာ လူရှယ်မှာ မကြာမီ မြေကြီးပေါ် ငြိမ်နေလေတော့၏။

ထိုလူရှယ်ငြိမ်သက်သွားသည်နှင့်တစ်ပြိုင်နက် ဖိုးဘသည် လဲနေရာမှ ကုန်းထလာသော မိန်းမပျိုကို ဘာမပြောညာမပြောပြေး၍ စောင်ကြီးနှင့် အုပ်ဖမ်းလိုက်ကာ မဟိုဒင်းကို အချုပ်ခိုင်းထားပြီး သူကိုယ်တိုင်ကမူ အ,နေသောလူရှယ်ကို ဖမ်းကာ အိမ်ပေါ်သို့တက်သွားလေ၏။ မဟိုဒင်းမှာလည်း ကြောက်လွန်း၍ အသားဆတ်ဆတ်တုန်နေသော မိန်းမပျိုကို ဆွဲခေါ်ကာ ဖိုးဘနောက် လိုက်တက်လာခဲ့လေသည်။

ဖိုးဘမှာ သူ၏ ရောမရန်သူကြီးနှစ်ဦးကို ချုပ်နှောင်ရန် အခန်းကို စဉ်းစားရာ တစ်အိမ်လုံးတွင် စုစုပေါင်း နှစ်ခန်းရှိသည့်အနက် တစ်ခန်းမှာ မဟိုဒင်းအား အပိုင်စား ပေးသနားထားပြီးဖြစ်၍ မဟိုဒင်း ရေမိုးချိုးအဝတ်အစားလဲလျှင် ဝွကျမည် စိုးသဖြင့် ထိုရန်သူနှစ်ဦးကို မြတ်စိုး၏အခန်း၌ပင် ထည့်သွင်းပြီး အပြင်မှ တံခါးပိတ်ကာ မျောက်လက်တွင် လက်ကိုင်ပဝါဖြင့် မဟိုဒင်း၏ အကြံပေးချက်အတိုင်း ချည်နှောင်ပိတ်ဆို့ထားလေ၏။

ဖိုးဘက အမောအပန်းဖြေနေစဉ် မဟိုဒင်းသည် ရန်သူနှစ်ဦး၏ ပစ္စည်းများဖြစ်သော သေတ္တာနှင့် လွယ်အိတ်တို့ကို အိမ်ပေါ်သို့ ယူတင်လိုက်ပြီး...

"ကိုဖိုးဘ"

"ဘာတုံး မဟိုဒင်း"

"သူတို့ကို ဘာလုပ်ထားတာလဲ"

"ဖမ်းထားတာလေ"

"ဘယ်အချိန်ထိ ဖမ်းထားမှာလဲ"

"ဆရာလာသည်အထိပေါ့"

မဟိုဒင်း၏စိတ်ထဲတွင် ထိုသူနှစ်ယောက်မှာ တစ်ခါက မြတ်စိုးအား ရန်ရှာထားသော သူနှစ်ယောက်ဖြစ်၍ ဖိုးဘ ဤသို့ ဖမ်းဆီးချုပ်နှောင်
mgyoe.com

mgyoe.com


ထားသည်ဟု တွေးမိရကား ဖိုးဘကို အထွေအထူးဘာမျှ မေးမြန်းစစ်ကြောနေခြင်း မပြုတော့ဘဲ သူ့အခန်းသို့ပြန်၍ အိပ်ရာထဲတွင် လဲလျောင်းနေလိုက်လေ၏။

အမှန်မှာ လူရွှယ်သည် ဖိုးဘရှိစဉ်က ဒဏ်ရာမပေါ်အောင် ရိုက်နှက်နည်းဖြစ်သော စောင်ကြီးခြုံပြီးမှ ရိုက်ခြင်းဖြစ်သဖြင့် များစွာ နာကျင်လှသည်မဟုတ်သော်လည်း ဤအတိုင်းနေလျှင် ပိုမိုပြင်းထန်စွာ ရိုက်တော့မည်ဟု တွေးတောစိုးရိမ်မိသဖြင့် မေ့ချင်ယောင်ဆောင်နေသည်ဖြစ်ရကား အခန်းထဲသို့အရောက် မိန်းမပျိုက စိုးရိမ်ကြီးစွာဖြင့် ခေါင်းကိုကိုင်ကာ "မောင် ဘယ့်နှယ် နေသေးလဲ"ဟု မေးလိုက်ရာ လူရွှယ်သည် ပြုံး၍...

"နေပူထဲမှာ စောင်ခြုံထားရတော့ အိုက်တာတစ်ခုပါပဲ"

"ဘာပြောတယ်ရှင့်"

"အင်း...သူကလည်း နားလေးလေး အော်ပြောရရင် အပြင်က အကောင်တွေကြားကုန်တော့မှာပဲ"ဟု တစ်ယောက်တည်း ညည်းညူလိုက်မိပြီးမှ မိန်းမပျို၏ နားနားကပ်လျက် "အိုက်တယ်"ဟု ပြောလိုက်မှ မိန်းမပျိုမှာ ပျာပျာသလဲဖြစ်သွားကာ "ကိုက်တယ် ဟုတ်လား၊ ကျွတ်...ကျွတ်...ကျွတ်" ဟု စုပ်များပင် သပ်ကာ ဆက်လက်ပြောနေမည့်ဟန်ပြုသဖြင့် လူရွှယ် မှာ ကမန်းကတန်း ပါးစပ်ကို သွားပိတ်လိုက်မိရာ မိန်းမပျိုမှာ "အဘူး ဘူး...ဘွန့်ဘွန့်"နှင့် ဖြစ်နေသဖြင့် ပြန်လွှတ်လိုက်ရပြီး တိတ်တိတ်နေရန် လက်ညှိုးတစ်ချောင်းထောင်၍ ပါးစပ်နှင့်ကပ်ပြလိုက်ရလေ၏။

ဤတွင်အခါမှ မိန်းမပျိုသည် တိုးတိုးလေး လေသံဖြင့်...

"မောင့်သူငယ်ချင်းအိမ်ဆို၊ မောင့်သူငယ်ချင်းက ဒီလိုနည်းနဲ့ ဝဲလ်ကမ်းလုပ်တာလား"

"မဟုတ်ဘူးကွ ဒါ မြတ်စိုးမဟုတ်ဘူး၊ ဖို့ အိမ်မှားလာပြီ ထင်တယ်"

မိန်းမပျိုမှာ နားလေးသူဖြစ်သဖြင့် သူပြောသမျှကို လုံးစေ့ပတ်စေ့မကြားသော်လည်း စောစောက အချက်ပေးချက်ကြောင့် ငြိမ်ငြိမ်ကလေးနေလိုက်ရလေသည်။ လူရွှယ်မှာ အိမ်မှားလာသော်လည်း ရန်သူမဟုတ်ဘဲ ယခုကဲ့သို့ ညှော်ခံပုံမျိုး၄ဒိ မနှစ်သက် မတွေးတတ်သော်လည်း လွတ်မြောက်ရေးအတွက် လမ်းပေါက်ရလိုရငြား ပြတင်းပေါက်နား ကပ်သွားလေ

mgyoe.com

mgyoe.com


၏။ သို့သော် ဤအိမ်မှာ အင်းစိန်ကို ကရင်များထံမှ ပြန်လည်သိမ်း ပိုက်ပြီးမှ ထပ်မံပြန်လည် မွမ်းမံထားသည်ဖြစ်သဖြင့် သံတိုင်ကြီးများမှာ ခိုင်ခန့်လှရကား လူရွှယ်မှာ လွတ်မြောက်ရေးအတွက် အကြံရခက်ကာ 'လွတ်မြောက်ရန် ခက်ပါဘိ မျက်ပါနဲ့အိမ်ရှင်ရယ်'ဟုပင် အော်ငိုလာချင် တော့၏။

သို့သော် လမ်းဘက်သို့ ကြည့်နေမိသော သူ့မျက်လုံးနှစ်လုံးမှာ လမ်းမပေါ်က လျှောက်လာသော ဦးခင်မောင်ကို မြင်ရသောအခါ ဝင်းပြောင်လာလေ၏။ သူ့အကြံကား ဤလူကြီးကို ခေါ်ကာ အကျိုးအကြောင်း ပြောပြပြီး ဂါတ်တိုင်သင့် တိုင်ရန် အကူအညီတောင်းမည်ဖြစ်၏။ သို့သော် ခေါ်ရန်အရေးကို အတော်အတန် တွေးရလေသည်။ အော်ခေါ်ဖို့လည်း မဖြစ်နိုင်၊ လက်ခုပ်တီးရန်လည်း ထိုနည်းလည်းကောင်းဖြစ်သဖြင့် နောက်တွင် ဤအဖိုးကြီး ဒေါသထွက်လာလျှင် သူ့ဆီ ရန်ဖြစ်ရန်တော့ ပြေးလာမည်။ ဤသို့ ပြေးလာက ဖွင့်ဟတိုင်ကြားမည် ကြံ၍ စားပွဲပေါ်က မင်အိုးနှင့် လမ်းမပေါ်သို့ ပစ်ချလိုက်လေ၏။

ဦးခင်မောင်မှာ မြတ်စိုးတို့ အိမ်ကိုလာ၍ စကားစမြည် ပြောဆိုမည်ဟု လာနေစဉ် သူ့ရှေ့က လမ်းမပေါ်သို့ ရုတ်တရက် မင်အိုးကျကွဲသဖြင့် လန့်ပြီးထခုန်နေလေ၏။ ပြီးမှ ဟိုဟိုသည်သည် ကြည့်လိုက်ရာ မြတ်စိုးတို့ ပြတင်းပေါက်မှ လူရွှယ်ကို မြင်သဖြင့် ထိုလူရွှယ် မျှော်လင့်သလိုပင် ဒေါပွသော်လည်း သူမျှော်လင့်သလို ပြေးမလာဘဲ ကျောက်ခဲနှင့် ပြန်ပစ်ရန် လမ်းမဘေးမှ ကျောက်ခဲကြီးတစ်ခုကို ကုန်းကောက်လိုက်လေရာ လူရွှယ်မှာ ခုတ်ရာနှင့်ရှရာမညီသဖြင့် မျက်လုံးပြူးသွားကာ ကျောက်ခဲနှင့်ပစ်နေက ခက်ချေတော့မည်ဟုတွေး၍ ထိုလူကြီးကို အတင်း လက်ယပ်ခေါ်ရလေ တော့သည်။

ဦးခင်မောင်ကမူ သူ့ကို မထိတထိစပြီးမှ တကယ်လုပ်မည်ကိုတွေး ၍ ကြောက်သွားပြီဟု တွေးမိကာ ကျေနပ်စွာပြုံး၍ "ခွေးသား ငါ့အကြောင်း သိသွားတော့မလို့"ဟု တစ်ကိုယ်တည်း ပြောလျက် ကျောက်ခဲကြီးကို ယောင် လွှတ်ချလိုက်ရာ သူ့ခြေထောက်ပေါ်သို့ပင် ပြန်ကျသွား၍ "လယ်လယ်"ဟု အော်ကာ ခြေထောက်ကလေးမှာ ရပ်သေးရပ် ကြိုးဆွဲလိုက်သကဲ့သို့ ကြွ တက်သွားလေ၏။

mgyoe.com

mgyoe.com

ထို့နောက်မှ ထော့နင်းထော့နင်းဖြင့် လူရှုယ်ခေါ်ရာသို့ ရောက်လာရာ လူရှုယ်က ကမန်းကတန်း စာတစ်စောင် ကောက်ရေး၍ ပစ်ချလိုက်သည်တွင် ဦးခင်မောင်မှာ မင်အိုးနှင့် ပေါက်ပြန်ပြီလားဟု တွေး၍ ခပ်လှမ်းလှမ်း ထွက်ပြေးပြီးမှ စာရွက်ခေါက်ကလေးနားသို့ တစ်လှမ်းချင်းကပ်လာပြီး ကုန်းကောက်လိုက်လေသည်။

*ဦးခင်များ*

*ကျွန်တော်တို့ကို ကူညီပါ၊ ကျွန်တော်တို့သည် ရန်သူ့လက်ထဲ၌ ကျရောက်နေပါပြီ။*

*လှဘူး*

ဤတွင်မှ ဦးခင်မောင်မှာ အရေးကြီးကြောင်း သိသဖြင့် အိမ်ရှေ့လှေကားမှ မတက်တော့ဘဲ အိမ်ဘေးမှပင် အသင့်တွေ့ရသော လှေကားကိုထောင်၍ တက်သွားပြီး ပြတင်းပေါက်သံတိုင်များကိုင်ကာ အကျိုးအကြောင်းကို မေးမြန်းရလေ၏။

ဦးခင်မောင်၏ စကားကြောရှည်မှုကို မသိသေးသော လှဘူးမှာ အားကိုးသောမျက်နှာနှင့် ကြည်ညိုစွာ ကြည့်လျက်...

"ဒီအိမ်ဟာ မြတ်စိုးအိမ်လား"

"ဟုတ်တယ်လေ မနေ့က ကျုပ်တောင် လာလည်သေးတယ် မြတ်စိုးတော့ မရှိပါဘူး။ ဒါပေမဲ့ ရယ်စရာကောင်းတာကလေးတစ်ခုဖြစ်သေးတယ်ကွ၊ ဖြစ်ပုံက..."

"ကျွန်တော့်ကိစ္စကို ပြောပါရစေဦး ဦးရယ်....မြတ်စိုးဟာ ကျွန်တော့်သူငယ်ချင်းပါ၊ အခု ကျွန်တော် သူ့အကူအညီ ယူမလို့အလာမှာ အဖမ်းခံရပါတယ်"

"ပုလိပ်က ဖမ်းသလား"

"ပုလိပ်မဟုတ်ပါဘူး"

"ပုလိပ်မဟုတ်ရင် ဘယ်သူက ဖမ်းသလဲ"

"အဲဒါ မသိလို့ပေါ့"

"ဟ...မင်းဟာက မဟုတ်သေးပါဘူး၊ ကိုယ့်ဖမ်းတာတောင် ဘယ်သူက ဖမ်းမှန်း မသိသေးဘူးလား၊ အေးလေ...ဒါတော့ ဟုတ်ပါပြီ၊ အခု

mgyoe.com

mgyoe.com


တတိယကမ္ဘာစစ် စ,ဖြစ်နေပြီဆိုကွ၊ ဒို့ဗမာပြည်လည်း စိတ်ရှုပ်စရာ ကောင်းလာပြီကွာ၊ ဟော ဒီနေ့ သတင်းစာထဲမှာ ဆယ့်သုံးနှစ်သမီးကို မီးခွက်မှုတ်သတဲ့၊ အဘက်ဘက်က သောင်းကျန်းတယ်နော်"

"ဒါတွေ ထားပါဦး ဦးရယ်...ဒီအိမ်မှာ မြတ်စိုးအပြင် ဘယ်သူရှိသေးသလဲ"

ဦးခင်မောင်မှာ မနေ့ကပင် လူသစ်များကို တွေ့ခဲ့ရသည်ဖြစ်သဖြင့် ကြာရှည်စဉ်းစားမနေရဘဲ...

"မြတ်စိုးအပြင် မြတ်စိုးရဲ့ မယားပါညီမ"

"ခင်ဗျာ...ဘယ်သူ"

"ခယ်မ...ခယ်မ"

"ဘယ်သူ့ခယ်မလဲ"

"နောက်ပြီး အရူး"

ဦးခင်မောင်မှာ လုဘူး၏အမေးကိုမစောင့်ဘဲ လျှောက်ပြောနေသည်ဖြစ်၍ 'ဘယ်သူ့ခယ်မလဲ...'ဟူသော အမေးအတွက် 'နောက်ပြီး အရူး..." ဟူသော အဖြေမှာ လုဘူးတွင် ဘယ်လိုမှ ဆက်စပ်၍ မရပေ။

"နေပါဦး...ခယ်မက အရူးလား"

"ဘယ်က ဟုတ်ရမှာလဲကွ...ခယ်မက ခယ်မ၊ အရူးက အရူး"

"ဘယ်သူ့ခယ်မလဲ"

"မြတ်စိုးခယ်မ..."

"ဟာ...မြတ်စိုးမှာ မိန်းမ မရှိဘူး"

"ဒါပေမဲ့ ခယ်မရှိတယ်"

"ဘယ်ဖြစ်နိုင်မလဲ"

"ဖြစ်နိုင်တယ်"

"ဘာဖြစ်လို့လဲ"

"အဲ...အဲဒါအကြောင်းက ဟာ...ငါမေ့သွားပြီ၊ အေးလေ ဒါတော့ဟုတ်ပါပြီ၊ အခုပေါ်တဲ့ နိုင်လွန်ပိုးဟာ လျှော်ဖို့မလိုဘူးဆိုပဲကွ၊ ရန်ကုန်က တူမလေးတွေကတော့..."

"တူမတွေကို ဘေးချိတ်ထားစမ်းပါဦး"

mgyoe.com

"ဟ…တူမကို ဘေးချိတ်ထားလို့ ရမလားကွ"

"ဟုတ်ပါပြီ"

လှဘူးသည် စောစောက ဦးခင်မောင်စကားထဲက ခယ်မနှင့် အရူးဆိုသည်မှာ သူတွေ့သော မိန်းကလေးနှင့် သူ့ဖမ်းသော သူဟု တွေးမိကာ 'ဟုတ်ပါပြီ…ဒီလူတွေပါပဲ ငါ့ဖမ်းတာ'ဟူသော အဓိပ္ပာယ်ရှိသည့် 'ဟုတ်ပါပြီ'ကို ပြောလိုက်ရာ ဦးခင်မောင်မှာ တူမတွေ ဘေးချိတ်နှင့် ရောထွေးသွားကာ…

"ဘာဟုတ်တာလဲ"

"အရူးနဲ့ ခယ်မပေါ့"ဟုလည်း ပြောချင်၊ အဖိုးကြီးက စကားကို ဖြတ်ပြောရမလားဟု ဒေါပွပြီး အကူအညီ မပေးမည်လည်း စိုးသဖြင့် တူမတွေအကြောင်းကိုလည်း ပြောခြင်းဖြစ်သွားရကား "ဟာ…အရူးနဲ့ တူမပါ" ဟူသော အဖြေထွက်သွားသည်တွင် ဦးခင်မောင်မှာ သူ့ကို အရူးဟုပြောသည်ဟု အထင်ရောက်သည်နှင့် သံတိုင်ကြားထဲလက်လျှိုကာ အထဲက လှဘူး၏ခေါင်းကို ကိုင်၍ သံတိုင်နှင့် ဆွဲဆောင့်လိုက်သော်လည်း လှဘူးမှာ အိမ်ရှင်တွေကြားသွားမည်စိုးသဖြင့် ကျယ်ကျယ်မအော်ဝံ့ရကား ဒုန်း ဟူသော အသံကို အူ ဟူသော အသံကလေးတစ်ခုသာ နောက်ဆက်လိုက်လာလေသည်။

အိမ်နောက်ဖေးခန်းမှ မဟိုဒင်းသည်လည်းကောင်း၊ အိမ်ရှေ့မှ ဖိုးဘသည်လည်းကောင်း အသီးသီး မှေးခနဲ အိပ်ပျော်သွားကြ၍ လှဘူးနဖူးနှင့် သံတိုင်ဆောင့်သံကို မကြားမိကြပေ။ လှဘူးသည် ဦးခင်မောင်ကို အသနားခံသည့်မျက်နှာကလေးဖြင့် ကြည့်ရင်း…

"ဦးရယ်…စိတ်မဆိုးပါနဲ့၊ ကျွန်တော်တို့ဟာ ဒုက္ခရောက်နေပါတယ်၊ အဲဒါ ဂါတ်တိုင်နိုင်ရင် တိုင်ပေးပါ" ဟု ညင်သာစွာ ပြောကြားလိုက်လေရာ ဦးခင်မောင်မှာ စကားကြောသာရှည်၍ ဒေါသကြီးသူတစ်ယောက် မဟုတ်ရကား လှဘူးကို အလွယ်တကူပင် သနားသွားလေ၏။-

"ဂါတ်တိုင်ဖို့ဆိုတာက အင်းစိန်မြို့ထဲ သွားနေရဦးမယ်…ကိစ္စမရှိပါဘူးကွာ၊ မြတ်စိုးလာအောင်အထိ ငါအိမ်ပေါ်က ထိုင်စောင့်ပြီး ပြန်လာတော့ အကျိုးအကြောင်း ပြောပြပါ့မယ်"

mgyoe.com

mgyoe.com


"မြတ်စိုးပြန်မလာခင် ကျွန်တော်တို့ကို နှိပ်စက်ရင် ဘယ့်နှယ်လုပ်မလဲ"

"မနှိပ်စက်ရစေပါဘူးကွာ...ငါ ဖိုးဘကို ပြောထားလိုက်ပါ့မယ်"

"ဖိုးဘဆိုတာ အရူးလား"

"မရူးပါဘူး"

"မြတ်စိုး ဘယ်အချိန်လောက် ပြန်လာမလဲ"

"ငါ ဘယ်သိမလဲ"

"ခါတိုင်းကို ပြောနေတာပါ"

"အဆင်မသင့်ရင် တစ်ညအိပ်တတ်တယ်လေ"

"ဒီလိုဆိုရင် ကျွန်တော်တို့ တော်တော်နဲ့ ဒီအခန်းထဲကလွတ်မှာ မဟုတ်ဘူး"

"အေးလေ...ဒါတော့ဟုတ်ပါပြီ၊ ရုရှားက အဏုမြူဗုံး ရသွားပြီဆို တော့ ဒီတစ်ခါ ကမ္ဘာစစ်မှာ အမေရိကန်က အရမ်းသုံးဝံ့ချင်မှ..."

"အဲဒါဦးရယ်...ခပ်မြန်မြန်သာ ခုနက ဖိုးဘဆိုတဲ့ လူကိုပြောပါ"

ဦးခင်မောင်မှာ လေ့ကားကိုဆင်းရင်း ခေါင်းကမှ လှဘူးကိုပင်ကြည့်ကာ တစ်ထစ်ချင်း ရပ်လိုက်ဆင်းလိုက်နှင့် စကားကြောရှည်နေပြန်လေ၏။

"အေးလေ...ဒါတော့ဟုတ်ပါပြီ၊ အမေရိကန်က အရမ်းမသုံးဝံ့တော့ ဒို့ကမ္ဘာသူ ကမ္ဘာသားတွေ ကံကောင်းတယ်လို့ ဆိုရမှာပေါ့"

တစ်ထစ်ဆင်းလိုက်ပြန်ကာ ရပ်ပြီး စကားပြောနေပြန်လေသည်။

"နို့မဟုတ်ရင် ဟီရိုရှီးမားလို လဟာပြင်ကြီးဖြစ်သွားမှာ"

ထိုအချိန်တွင် မြတ်စိုးမှာ ပြန်လာပြီဖြစ်၍ လေ့ကားမှ အိမ်ပေါ်သို့ တက်သွားမည်ပြုစဉ် ခေါင်းရင်းဘက်မှ ဝါးလေ့ကားကြီးထောင်ထားသည်ကို တွေ့ရသဖြင့် အိမ်အောက်မှ ဖြတ်လာကာ မိမိအိမ်ကို ခိုးဝှက်ဝံ့သော သူခိုးကို ဆုံးမမည်ဟုကြံလျက် မောင်းချထားထုတ်ကာ လေ့ကားတစ်ထစ် ကြိုးဖြတ်၍ ဖြုတ်ထားလိုက်လေ၏။

သူ့ရှေ့တွင်ပင် ခြေထောက်ကြီးတစ်ဖက် စမ်းစမ်းနှင့် အထစ်ကို စမ်းမိသောအခါ နောက်တစ်ဖက်ကျလာပြီး ရပ်တန့်နေပြန်၏။ မြတ်စိုးမှာလည်း ထိုခြေထောက်ကြီးကို မျက်ခြေမပြတ်ကြည့်နေလေသည်။ ဦးခင်

mgyoe.com

mgyoe.com

မောင်မှာလည်း စကားမဖြတ်ဘဲ တစ်ထစ်ပြီးတစ်ထစ် စမ်းဆင်းလာရာ အထစ်မရှိသော နေရာသို့ ရောက်သောအခါ ခြေထောက်ကြီးမှာ အတော်ကြာကြာစမ်း၍ မစမ်းမိသောအခါ ပြန်တက်သွားပြီး အပေါ်ထပ်၌ပင် ရပ်ကာစကားကြောရှည်နေပြန်လေ၏။ နောက်တစ်ဖန် တခြားခြေထောက်တစ်ဖက်က ကျရောက်ကာ စမ်းပြန်ပြီး ပြန်တက်သွားလေ၏။ ဤသို့ဖြင့် ခြေထောက်တစ်ဖက် တစ်လှည့်စီစမ်းကာ တက်လိုက် ဆင်းလိုက်ဖြစ်နေလေရာ မြတ်စိုးမှာစိတ်မရှည်တော့ဘဲ တွေ့ရာ အုန်းဆံကြိုးတစ်ချောင်း ဖြင့် အပေါ်ထပ်၍ ခြေနှစ်ဖက်စလုံးရပ်တန့်နေစဉ် လျင်မြန်စွာ လှေကား ထစ်နှင့် တွဲချည်လိုက်လေသည်။ ဤတွင်မှ ဦးခင်မောင်မှာ ငုံ့ကြည့်နေမိကာ မိမိကိုပင် ဖမ်းဆီးနေပြီကို တွေ့ရသဖြင့်....

"ဟာ...ငါပါဟ ငါပါ..." ဟု ငယ်သံပါအောင် အော်လိုက်လေ၏။ သူ့အသံကြောင့် အိမ်ပေါ်တွင် မှေးနေသော ဖိုးဘမှာ လန့်နိုးလာကာ ပထမဦးဆုံး အခန်းထဲမှ ရန်သူတော်နှစ်ဦးကို သတိရသဖြင့် ပြေးလာပြီး လက်ကိုင်ပဝါကို ဖြေလေ၏။ ပါးစပ်မှလည်း "ရှိမှရှိသေးရဲ့လား.." ဟု သူ့ကိုယ်သူ အပြစ်တင်သလိုရေရွတ်နေရာ အခန်းတွင်းမှ လှဘူးသည် ဖိုးဘအသံကို ကြားသောအခါ လန့်ပြီး မြတ်စိုး၏ခုတင်ပေါ်တွင် မိန်းမပျိုနှင့်အတူဖက်လှဲ၍ မေ့ချင်ယောင်ဆောင်နေလေသည်။ မိန်းမပျို၏နားနားသို့ကပ်၍လည်း "မေ့ချင်ယောင်ဆောင်နေ" ဟု ပြောစဉ်မိန်းမပျိုက လက်ညှိုးထိုးပြလိုက်သဖြင့် လိုက်ကြည့်ရာ ပြတင်းပေါက်မှဝါးလှေကားကြီးအစွန်းကို မြင်ရလေ၏။

သို့နှင့်အပြင်မှဝင်လာသူမရိပ်မိစေရန် ကပျာကယာပြေး၍ ဝါးလှေကားကြီးကို အပြင်ဘက်သို့ တွန်းချလိုက်ပြီး ပြန်အိပ်နေလေ၏။ မြတ်စိုးမှာ ဦးခင်မောင်၏အသံကို မှတ်မိ၍ ကြိုးကိုဖြေပေးမည်ကြံစဉ် လှေကားကြီးနှင့်အတူ ဦးခင်မောင်မှာ မြေပေါ်သို့ပက်လက်လန်ကျသွားလေတော့၏။

မြတ်စိုး၏ စိတ်ထဲဝယ်အိမ်ပေါ်တွင် ဖိုးဘသော်လည်းကောင်း၊ မဟုတ်ခင်းသော်လည်းကောင်း ရှိရမည်ဖြစ်လျက် ဦးခင်မောင်ကို ဘာကြောင့်တွန်းချသည်၊ ဦးခင်မောင်ကလည်း အိမ်ရှေ့လှေကားရှိလျက်နှင့် ဘာ

mgyoe.com


ကြောင့်ပင်ပင်ပန်းပန်း ဝါးလှေကားနှင့်တက်ရောက် စကားပြောရသည်ကို ဘာတစ်ခုမှ နားမလည်နိုင်သဖြင့် အိမ်ပေါ်သို့ ပြေးတက်သွားပြီး သူ့အခန်းထဲ ရောက်သောအခါ ဖက်အိပ်နေကြသော သူနှစ်ယောက်ကြောင့် "အလိုလေး" ဟု လန့်ထွက်သွားလေရာ ပြတင်းပေါက်မှအောက်သို့ ငုံ့ကြည့်နေသော ဖိုးဘမှာ လန့်သွားပြီး ဖျတ်ခနဲ နောက်လှည့်လိုက်လေ၏။

"မပြေးနဲ့ ခွေးမသွား..."

ဟူသောအသံနှင့်အတူ ဖိုးဘသည် မြတ်စိုးကို လှဘူးအမှတ်နှင့် ဖက်လှဲချလိုက်ရာ အမှတ်တမဲ့ဖြစ်သဖြင့် ကြမ်းပေါ်သို့ ဘုန်းခနဲကျသွားလေရာ ခုတင်ပေါ်မှ မိန်းမပျိုမှာ လန့်၍အော်မိလေ၏။ မိန်းမပျိုအော်သံကြောင့် ခုတင်ပေါ်လှည့်ကြည့်မိသော ဖိုးဘမှာ ခုတင်ပေါ်မှ လှဘူးကို မြင်သွား၍ ကြမ်းပေါ်သို့ ပြန်ကြည့်မိပြီး မျက်လုံးပြူးသွားလေ၏။

"ဟော...ဆရာ"

ပြောပြောဆိုဆို ဖိုးဘသည်သူ့ဆရာကို ဆွဲထူဖေးမပြုစုလေတော့သည်။ နောက်ဖေးခန်းတွင် အိပ်ပျော်နေသော မဟိုဒင်းမှာလည်း အသံများကြောင့် နိုးလာကာ အိမ်ရှေ့ထွက်အလာတွင် လှေကားမှထွက်လာသော ဦးခင်မောင်သည် မဟိုဒင်းကိုတွေ့တွေ့ချင်း...

"ဟိုအခန်းထဲက ကောင်တွေ လွှတ်...လွှတ်...လွှတ်...လွှတ်ပါ"

"ဘာလို့ လွှတ်ရမှာလဲရှင်"

"မြတ်စိုးလေ"

"ဘယ်က မြတ်စိုးရမှာလဲ"

"ဒီအိမ်က မြတ်စိုးပေါ့"

ဦးခင်မောင်သည် မဟိုဒင်းကို စကား ဆက်မပြောနေတော့ဘဲ အခန်းထဲသို့ ဝင်လာလေ၏။ မဟိုဒင်းလည်း ဦးခင်မောင်လုံချည်စကို ဖမ်းဆွဲလိုက်ရာ...

ဦးခင်မောင်မှာ လုံချည်ကျွတ်သွား၍ အခန်းထဲသို့ ဘောင်းဘီပြူကလေးနှင့် ကုန်းထလိုက်ပြီး ဖိုးဘကို ကြည့်ကာ...

"မင်းဘာလို့ ငါ့ကိုဆွဲလှဲရသလဲဟင်...ဟိုခုတင်ပေါ်က ဟာတွေက တော့ ဘာက ဟာ...ဟော့...လှဘူး မင်း ဘယ်တုံးက ရောက်သလဲ"

mgyoe.com

mgyoe.com

မြတ်စိုးမှာ ကြိမ်းနေရာမှ သူ့အသံကိုမှတ်မိ၍ ထထိုင်သော လှဘူးကိုတွေ့သဖြင့် နှုတ်ဆက်လိုက်လေ၏။ ဖိုးဘမှာ "ဒီခုတင်ပေါ်ကမေ့နေတဲ့လူဟာ ဆရာ့သူငယ်ချင်းလား" ဟု မေးမည်ကြံလျက် လှဘူးဘက်သို့ လက်ညှိုးထိုးကာ လှည့်ကြည့်လိုက်ရာ စောစောက မေ့နေသောသူမှာ ယခု အကောင်းပကတိကဲ့သို့ ထထိုင်နေသဖြင့် အံ့အားသင့်သွားကာ လက်ညှိုးထိုးလျက်နှင့်ပင် စိုက်ကြည့်နေမိလေ၏။

လှဘူးဘေးက မိန်းမပျို့မှာ မျက်လုံးကိုဖွင့်ကြည့်လိုက်စဉ် လက်ညှိုးထိုးနေသော ဖိုးဘကိုတွေ့ရသောအခါ ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားပြီး "မောင်...ဟိုမှာ...ဟိုမှာ..." ဟု ဆိုကာ လှဘူးကိုဖက်လှဲလိုက်ပြန်ရာ လှဘူးမှာ "ဟာ...အို...ဖယ်စမ်းပါ...ဘာဖြစ်တာလဲ" ဟု အော်ဟစ်ရင်းပင် ပက်လက်လန်ကျသွားလေ၏။

ဤအချိန်တွင် ဦးခင်မောင်မှာ ဘောင်းဘီဖြူကလေးနှင့်မတ်တတ်ရပ်ပြီး ဖြစ်ပုံပျက်ပုံ အလုံးစုံကို အာရုံမျက်မြင် ရှမျှော်ချ၍ ဘာမှမပြောဘဲ ကြည့်နေလေသကဲ့သို့ အခန်းဝမှ မဟိုဒင်းမှာလည်း ဦးခင်မောင်၏ လုံကွင်းကြီးကိုကိုင်၍ ငေးကြည့်နေလေသည်။

"ဒါ ငါ့သူငယ်ချင်း မြတ်စိုးပါကွ" ဟု လှဘူးသည် မိန်းမပျို့ကြားအောင် ငယ်သံနှင့်ဟစ်ရင်း ပြန်ထလာမှ မြတ်စိုးကလည်း "ဒါငါ့ကို ကက်စဘီတစ်ချိန်လုံးမှာ ကျွေးမွေးစောင့်ရှောက်လာတဲ့ လှဘူးဆိုတာပဲကွ" ဟု တပည့်ကျော် ဖိုးဘကို မိတ်ဆက်ပေးရလေ၏။ ထို့နောက် "နေပါဦး ဘာဖြစ်ကြတာလဲကွ" ဟု မေးမှ လှဘူးက သူရန်ကုန်က အရာရှိသမီးအေးအေးကို ခိုးလာပုံ နေစရာအိမ်မရှိ၍ မြတ်စိုးဆီ လာပုံများမှစ၍ သူ့ဘက်က ဖြစ်ပျက်ပုံများကို ပြောပြလေရာ မဟိုဒင်း၊ ဖိုးဘနှင့် ဦးခင်မောင်တို့ကလည်း အသီးသီးဝင်ရောက်ဖြေဆိုပြောကြားကြတော့မှ နောက်ဆုံးမြတ်စိုးက ဖြည့်စွက်ပြောလိုက်သည်တွင် အားလုံးဇာတ်ရေလည်၍ ရယ်ကာမောကာ ဖြစ်လာနိုင်လေတော့သည်။

ထိုတွင် မြတ်စိုးက...

"နေပါဦး မင်း မိန်းမခိုးလာတာကလည်း နေ့ခင်းကြီးလားကွ" ဟု မေး ရာ လှဘူးက...

mgyoe.com

mgyoe.com


"ဟ…ဒီခေတ်မှာ ဒီလိုခိုးရတာပဲ၊ ညကမှ ခက်ခဲဦးမယ်၊ နေ့ခင်းဘက်ကို ဈေးဝယ်ထွက်သလို ကိုယ့်လူ မိန်းကလေး တစ်ယောက်နဲ့ပင်းပြီး အပြင်ထွက်လာမှာ ခိုးတာပေါ့ကွ၊ ငါကကောမေးပါရစေဦး၊ ဟိုအပေါက်ဝက ကလေးမက မင်းနဲ့ဘာတော်လဲ"

မြတ်စိုးလည်း မဟိုဒင်းကို တစ်ချက်လှမ်းကြည့်လိုက်ကာ အဖြစ်ကို ပြောပြမည်ပြုလိုက်စဉ် မနေ့က အဖြစ်အပျက်ကို သတိရလာသော ဖိုးဘက ရုတ်တရက် မြတ်စိုးပါးစပ်ကို လှမ်းပိတ်လိုက်ပြီး အနားက ဦးခင်မောင်ကို လက်ညှိုးထိုးပြလိုက်လေ၏။ သို့သော် ယခုတိုင် မြတ်စိုးမှာ မရိပ်မိသေး၍…

"ဘာလဲ…ဘာလဲ"ဟု မေးနေလေရာ ဖိုးဘမှာ ကမန်းကတန်း ကြံဖန်၍…

"ဟာ…ဦးလေးကြီး လုံချည်လည်း မပါပါကလား"ဟု ခပ်ရွှတ်ရွှတ်လေသံနှင့် ပြောလိုက်ရာ ဦးခင်မောင်လည်း သူ့ကိုယ်သူ ငုံ့ကြည့်ကာ…

"သိပါဘူးကွာ မင့်မယားပါညီမက ဘာစိတ်ကူးမှန်း မသိဘူး၊ ငါ့ကို လုံချည်ချည်း ဆွဲလွဲချွတ်တာ နှစ်ခါရှိပြီကွ"ဟု ဖြေလိုက်ရာ မဟိုဒင်းမှာ သူ့လက်ထဲမှ လုံချည်ကြီးကို ဇတ်ခနဲ ပစ်ချလိုက်၍ "ဘယ်က ဆွဲချွတ်ရမှာလဲရှင့် အခန်းထဲဝင်ပြေးမှာ ကြောက်လို့ ဆွဲလိုက်ရတာ"ဟု ဖြေရှင်းစဉ် ဖိုးဘက စောစောက စကား ပြန်မရောက်စေရန် "အာသခါရယ်လေ ငါမြင်တာ"ဟု အသံနေအသံထားနှင့်ဆိုလိုက်ရာ မဟိုဒင်းက ဗိုက်ကြောဆွဲလိမ်လိုက်သဖြင့် ငါမြင်တာ အလယ်လယ်…အူနာတယ်"ဟု အော်လိုက်သည်တွင် ဝါးခနဲ ပွဲကျသွားလေ၏။

"အေးလေ ဒါတော့ဟုတ်ပါပြီ၊ အခုတစ်လော သတင်းစာထဲမှာ စောဘကြီးမပါတာ တော်တော်ကြာသွားပြီနော်"

ဦးခင်မောင်သည် ထုံးစံအတိုင်း စကားကြောရှည်ရန် "အေးလေ… ဒါတော့ဟုတ်ပါပြီ" ချီလိုက်ကတည်းက မျက်လုံးပြူးနေသော မြတ်စိုးက လေခဏအပြတ်တွင် ဝင်၍…

"လမ်းမှာ ဦးလေးတူမတွေ ကားနဲ့လာတာ တွေ့တယ် ဦးအိမ် ရောက်နေကြရောပေါ့"

mgyoe.com

ဟု ပြောလိုက်မှ "ဟော…ဟုတ်လား"ဟုဆိုကာ ဦးခင်မောင်သည် လုံချည်ကောက်စွပ်၍ ဆင်းပြေးလေ၏။ ဤတွင်မှ လှဘူးက

"ဘယ်က အရိုးကြီးလဲကွ၊ အေးလေ…ဒါတော့ဟုတ်ပါပြီ ဆိုပြီး စကား ပြောရှည်လိုက်တာကွာ၊ ခဏခဏပဲ"

"ဟိုနားက အိမ်ကပါ"

မြတ်စိုးသည် ပြန်ပြေးပြီး၍ အခန်းပြင်သို့ ထွက်လာရာ အားလုံးနောက် မှ လိုက်ထွက်လာကြလေ၏။

## အခန်း – ၄

"ဟင်…ဒါမိန်းအဆင်မှ မဟုတ်ဘဲရှင့်"

ဆောဆောက ဦးခင်မောင်ကို ဝါးလှေကား၌ ကြိုးနှင့်ချည်စဉ်က အိမ် အောက်တွင် ထားခဲ့သော မြတ်စိုး ဝယ်လာသည့် လုံချည်ကို မဟိုဒင်း က သွားယူထုတ်ကြည့်ပြီး ပြောလိုက်ခြင်း ဖြစ်လေသည်။

ကော်ဖီသောက်နေကြသော လှဘူးနှင့် မြတ်စိုးတို့ နှစ်ယောက်စလုံး လှည့်ကြည့်လိုက်ကြရာ လှဘူးမှာ မဟိုဒင်းအတွက် ဝယ်ပေးသည်ဆိုသော ခေါ်တောဆင် ယောကျ်ားဝတ် လုံချည်အကွက်ကြီး မြင်သောအခါ အား ရပါးရ ရယ်လိုက်၍…

"ဟုတ်သားပဲကွ မြတ်စိုးရ ဒါယောကျ်ားတွေ ဝတ်ရတာပဲ" ဟု မဟိုဒင်း ဘက်က ရှေ့နေလိုက်သည်တွင် မြတ်စိုးသည် မျက်မှောင်ကြီးကုတ်လိုက် ပြီး "ငါမှ နားမလည်ဘဲကွ၊ ထုထုထဲထဲ နိုင်နိုင်ခံ့ခံ့ ကြီးကြီးမားမားဆိုပြီး ဝယ်လာတာပေါ့၊ ကိစ္စမရှိဘူး မဟိုဒင်းက အပြင်ထွက်တာမှ မဟုတ် ဘဲ"ဟု ရှုနေသော မဟိုဒင်းမျက်နှာကိုကြည့်ရင်း ပြန်ပြောလိုက်လေသည်။

မဟိုဒင်းသည် လုံချည်ထုတ်လိုက်ပြီးသည့်တိုင်အောင် စက္ကူအိတ်ထဲ တွင် တစ်ခုတစ်ခု ကျန်သေးသည်ကို တွေ့သဖြင့် စက္ကူအိတ်ကို ဖင်မှ မလိုက်ရာ စက္ကူအိတ်ထဲမှ အဝတ်နက်ခေါက်ကလေးကျလာသောကြောင့် ကောက်ယူဖြန့်ကြည့်လိုက်သည်တွင် ဖဲထီးရှက် ဖြစ်နေသည်ကို တွေ့ရ လေ၏။

mgyoe.com

m.gyoe.com



"ဒါကော ဘာလုပ်တာလဲ"

"အထက်ဆင့်လေ.."

"အို...အထက်ဆင့်က ပိတ်သက်သက် ဝယ်ရတာယ်ရှင့်"

"ဟာ...ငါနားမလည်ဘူး၊ မေးရမှာရှက်တာနဲ့ ထိုးပြင်တဲ့ထုလားဆိုင်က ဖဲထီးပိတ်က လတ်လတ်ကို ဝယ်လာတာပဲ"

လှဘူးမှာမူ ဣန္ဒြေမဆည်နိုင်တော့ "ဟား...ဟား...ဟား"နှင့် ကြမ်းဖင်ဆော်င့် ရယ်နေလေတော့၏။ အတော်အတန် ရိပ်မိသော လှဘူး၏ ဇနီးသည် အသစ်စက်စက်ကလေးဖြစ်သူ အေးအေးမှာလည်း သွားကလေးများ ပေါ်လာသည်အထိ ပြုံးမိလေတော့၏။ မဟိုဒင်းမှာ စိတ်ရှုပ်သလို သူ့ခေါင်းကလေးကို ကုတ်လိုက်ပြီး...

"ဒါတွေထားပြီး အကျီကကော ရှင့်စွပ်ကျယ်ကြီး ဝယ်မလာဘူးလား"

"အကျီကတော့ အကောင်းပါ၊ အကျီချုပ်ဆိုင်မှာ အကျီတိုင်းနဲ့ အပ်ခဲ့ပါပြီ"

မဟိုဒင်းမှာ သွေးမတော်သားမစပ်ဘဲ ယခုကဲ့သို့ အပင်ပန်းခံကာ ဝယ်ခြမ်းပေးသည်ကို တောက်ထားလိုက်သည့်အခါ ကျေးဇူးတင်လာမိသည်တွင် ပြုံးပြုံးကလေး ဖြစ်လာ၍ မြတ်စိုး ဝယ်ပေးသော လုံချည်အထွက်ကြီးနှင့် ဖဲထီးရှက်ကြီးကို အမြတ်တနိုး ရင်ခွင်ဝယ်ပွေ့ကာ နောက်ဖေးဘက် ထွက်လာခဲ့လေရာ အေးအေးလည်း ထလိုက်သွားသဖြင့် အိမ်ရှေ့တွင် ယောကျ်ားနှစ်ဦးသာ ကျန်ရှိခဲ့လေ၏။

"ဒါထက် လှဘူး မင်းအခု ဘယ်မှာ အလုပ်လုပ်နေသလဲ"

"စက္ကူရိတ္တေးရီယက်မှာပဲကွ"

"ဒီနေ့ ရုံးမတက်ရဘူးလား"

"အခွင့်နှစ်ရက် ယူထားတယ်ကွ၊ မင်းကော ဘာရေးနေသေးသလဲ"

"ငါတော့ အခု ဝတ္ထုလုံးချင်းတစ်ပုဒ် စရေးနေပြီလေ"

"နာမည်က ဘာတဲ့လဲ"

"မဟာရာဂျာ့ရတနာ ပျောက်ဆုံးမှု"

"မင့်စုံထောက်ဝတ္ထုတွေ အခု လူတော်တော် ကြိုက်လာပြီကွ"

မြတ်စိုးသည် သူ့ကို စာဖတ်ပရိသတ် နှစ်သက်သည်ဆိုသဖြင့် ဝမ်းသာ

m.gyoe.com

mgyoe.com


တွင် ကျေနပ်သွားသော်လည်း မျက်နှာတွင် အရိပ်အယောင်မျှ မပေါ်လာစေခြင်းငှာ အမူအရာလုပ်လိုက်ရာ လွန်သွားပြီး သူ့မျက်နှာမှာ ရှုံ့မဲ့မဲ့ကြီးဖြစ်သွားလေတော့၏။

"မြတ်စိုးရ၊ မင့်ကိုလူကြိုက်တာနဲ့ ဒါလောက်တောင် ရှုံ့မဲ့ရသလားကွ"

"ကျေနပ်သွားလို့ပေါ့"

"ဟင်...ကျေနပ်တဲ့အကောင်ကလည်း ရှုံ့မဲ့လို့ပါလား"

"အေး...ငါကျေနပ်ရင် ရှုံ့မဲ့တယ်ကွ"

မြတ်စိုး၏ ဝွကျသော အမူအကျင့်များကို သိပြီးဖြစ်သည့် လှဘူးမှာ ဘာမှ ထွေထွေထူးထူး ပြောမနေတော့ဘဲ မြတ်စိုးကို ပြန်၍ ကြည့်လိုက်ကာ...

"ဒါထက် မင်းမှာ တစ်ခုလိုနေတယ်"

"ဒါတော့ ငါ မလိုချင်သေးဘူးကွ

"နေပါဦး ငါပြောမယ်ဆိုတာ မငဲ့သနေလို့လား"

"ဟော့ကောင်...စုံထောက်ဝတ္ထုရေးနေတဲ့ကောင်ပဲကွာ"

"ဒါဖြင့် ငါဘာပြောတာလဲ"

"ငါ့မှာ မိန်းမလိုတယ်ပြောတာမဟုတ်လား"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ဆေးတံကွ ဆေးတံ၊ ဟား...ဟား...ဟား..."

လှဘူးမှာ ပြောပြောဆိုဆို ရယ်ချလိုက်သော်လည်း မြတ်စိုးသည် ခပ်တည်တည်နှင့်ပင် လှဘူးကို ကြည့်လျက်....

"ဆေးတံ ဘာလုပ်ရမှာလဲ"

"သောက်ရတာပေါ့ကွ"

"ဘာဖြစ်လို့ သောက်ရမှာလဲ"

"မင်းလည်း ခက်ဦးမယ့်ကောင်ပဲ"

လှဘူးသည် ဖျာပေါ်တွင် တင်ပျဉ်ချိတ်ထိုင်လိုက်ပြီး မြတ်စိုးကို ခပ်တည်တည်ကြည့်လိုက်ပြီးမှ...

"စုံထောက်တွေး စုံထောက်ဝတ္ထုရေးတဲ့လူတွေဟာ ဆေးတံသောက်ရတယ်ကွ၊ မင်းရွှေဥဒေါင်းရဲ့ ရုပ်ပုံကို ကြည့်စမ်း၊ ဆေးတံကြီးနဲ့ ဘယ်

mgyoe.com

mgyoe.com



လော်ကာဟန်ပါသလဲကွ...မင်းလည်း ဒီလိုလုပ်မှပေါ့"

"ဟာ...ငါမှမသောက်တတ်ဘဲ"

"ကျင့်ရတာပေါ့ကွ၊ မင်းနဲ့ဆေးတံနဲ့ဆို သိပ်(မူရကီးသရေ) ရှိမှာပဲ"

"ဘယ်က သရေတွေ ဘာတွေ မင်းစကားထဲ ပါလာရပြန်တာလဲကွ"

"ဩော်...ကျက်သရေရှိတာ ပြောတာကွ"

"ငါ ဒါဖြင့် ဆေးတံတစ်ချောင်း ဝယ်ဦးမယ်"

"မင်း ဘာဆေးတံယူမလဲ၊ ငါ့ဦးလေးက ဆေးတံရောင်းတယ်ကွ၊ ငါ မင်းဖို့ တစ်ခု အလကား တောင်းပေးမယ်၊ အမေရိကန်ကလာတဲ့ ဆေးတံတွေ ယူမလား၊ အိုးလ်ကစ်ကရီတို့၊ ဘဲလ်မောင့်တို့၊ နောက်ပြီး ရှိသေးတယ်၊ ဒန်းစ်ဘိုရို–မာ့က်စ်မဲ့င်း၊ အင်္ဂလန်က လာတာယူမလား၊ ဘီ သုံးလုံး အော်လစ် အိုဗိလ်ဒီ လူစ် ဒေါက်တာပလန်း နောက် ပြင်သစ်၊ အီတလီဖြစ်တွေကတော့ ကိုလံဘီယာတို့၊ အောက်စ်ဖို့ဒ် ဘရိုင်းယားတို့၊ ရီးယဲ့လ်ဘရိုင်းယားတို့ ပေါ့ကွာ"

"ငါ ဒါတွေနားမလည်ပါဘူးကွာ၊ ငါလိုချင်တာက ဗမာဖြစ်ပဲ..."

"ဗိုလ်ချုပ်ယူမလား ဒါဖြင့်..."

"ဆေးတံပါဆိုမှ ဘယ်က ဗိုလ်ချုပ်တွေ ဘာတွေ ရှုပ်လာပြန်တာလဲ ကွ"

"ဆေးတံပေါ့ကွ ဗိုလ်ချုပ်ဆိုတာ၊ ဒါမှမဟုတ်ရင် မေဂျာကော..."

"မင်းကို စစ်တပ်က ရဲဘော်တွေအကြောင်း မေးနေတာ မဟုတ်ဘူး၊ ဆေးတံအကြောင်း မေးနေတာကွ"

"အေးပါ...ဆေးတံအကြောင်းပါပဲကွ၊ ဗမာဖြစ် ဆေးတံတွေက ဗိုလ် ချုပ်၊ မေဂျာ၊ ကျော်ဟိန်း၊ တူးစတား၊ မိတ်ဆက်၊ ရွှေပြည်ထင်၊ စပယ်ရှယ် ကဲ ဘာယူမလဲ"

မြတ်စိုးသည် ဘာမှပြန်မပြောသေးဘဲ ခဏမျှ တွေဝေနေပြီးမှ...

"ငါလိုချင်တဲ့ဆေးတံ ပြောရမလား"

"အေး..."

"ကျိုက်ထီးရိုး ဝါးဆေးတံကွ"

"ဟင်...မွတ်ကရောကွ"

mgyoe.com